မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊၂၀၀၈ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ်(၃၂၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆတက်ထမ်းပိုး ကြိုးစားလုပ်ကိုင်
ကျေးရွာသန့်ရှင်းသာယာလှပရေး အရိပ်ရပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုး
နယ်မြေဒေသအသီးသီးရှိ လမ်းများ အစဉ်ကောင်းမွန်စေရေး ဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအုပ်စု ရွှေစာရံကျေးရွာ အခြေခံပညာမူလတန်းကျောင်း ယာယီစာသင်ဆောင်အတွင်း ကျောင်းသားကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၀

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်း မြို့နယ်အတွင်း ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဇလွန်-စက္ကော့၊ ဖျာပုံ-ဘိုကလေး၊ ဒေးဒရဲ-ကွမ်းခြံကုန်းလမ်းပိုင်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၁ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး ပညာရေးကဏ္ဍမှ လေ့ကျင့်ပြုစုပျိုးထောင်

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် မြှင့်တင်ဖော်ဆောင်ပေးရာတွင် ပညာသင်ကြားမှုအခွင့်အလမ်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံနှင့်လူမျိုးတိုးတက်စေရေးအတွက် လူသားတို့၏ အသိပညာဗဟုသုတကို မြှင့်တင်ရာတွင် ပညာရေးကဏ္ဍသည် အဓိကကျပေသည်။ ပညာရေးကဏ္ဍတိုးတက်ဖြစ်ထွန်းပြီး မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန် ဆရာ ဆရာမများ၏ စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်မှုသည် ပဓာနကျသည့်အခန်းကဏ္ဍ၌ ပါဝင်သည်။

နည်းပညာတိုးတက်မှုစွမ်းအား၊ အမျိုးသားနေအင်အား ပြည့်ဝခိုင်မာမှုစွမ်းအား၊ အမျိုးသား စည်းလုံးညီညွတ်မှု စွမ်းအားကောင်းများ ထာဝရထက်မြက် အားကောင်းနေစေရန် ပညာရေးကဏ္ဍမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ ပညာရည်စွမ်းအား မြင့်မားစေရန်၊ ဘက်စုံထူးချွန်စေရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးရာ၌ ဆရာ ဆရာမများသည် ဥယျာဉ်မှူးများသဖွယ်ဖြစ်သည်။

မျက်မှောက်ကာလတွင် မိမိနိုင်ငံနှင့်လူမျိုး ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ဝင့်ထည်စွာ ရပ်တည်နိုင်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးနိုင်မည့် ပညာရေးအခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိပေသည်။

လူငယ်ထုအား နိုင်ငံကို ပြုစုပျိုးထောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် အသိပညာရှင်နှင့် အတတ်ပညာရှင်များ ဖြစ်လာစေရန်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး မျိုးချစ်ပုဂ္ဂိုလ်များဖြစ်လာစေရန် ပညာရေးကဏ္ဍမှ လေ့ကျင့်ပြုစုပျိုးထောင်၍ ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁)မှ (၁၈)အထိ တက်ရောက်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ (၁၂)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁၇ရက်က စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်းရှိ ဗားကရာတောရကျောင်းတိုက်၌ ကျင်းပရာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုဒ္ဓ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ကျောင်းသားကျောင်းသူဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၁-၈-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၂၃)
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၅၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း -၁၅)

သောကြာနှင့်အကယ်ချောင်းဝကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ဒေးဒရဲမြို့၌ အခြေပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၁၈ရက် နံနက်ပိုင်းက ဒေးဒရဲမြို့နယ် အုန်းတော်ကျေးရွာဆိပ်ကမ်း ဖျာပုံမြစ်မှ နောက်ပြန်တိုးချောင်းအတိုင်း စက်လှေများဖြင့်ထွက်ခွာရာ သောကြာကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ဆေးပေးခန်းကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အနောက်ရတနာမာန်ကျောင်းတိုက် ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော် ဦးကုဏ္ဍရအား ဖူးမြော်ကြည်ညိုကာ လေဘေးကြောင့် ပျက်စီးသွားသော ကျောင်းဆောင်အား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ်သုံးသိန်းနှင့်သွပ်အချပ်၁၀၀ကိုဆက်ကပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနပြုပြင်ရန် အလှူငွေကျပ် နှစ်သိန်းနှင့် သွပ် ၇၂ချပ်ကို ကျန်းမာရေးမှူး ဦးထွန်းလှထံသို့လည်းကောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် လေးသိန်းနှင့် သွပ်အချပ်၁၀၀ကို ကျောင်းအုပ်ကြီး ဦးလှသောင်းထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အကယ်ချောင်းဝကျေးရွာ ဘုန်းကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဦးဥတ္တမသာရအား ဖူးမြော်ကြည်ညိုကာ ဘုန်းကြီးကျောင်း ပြန်လည်ပြုပြင်ရန် အလှူငွေကျပ်နှစ်သိန်းနှင့် သွပ်အချပ် ၁၀၀ ကိုလည်းကောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင် ပြန်လည်ပြုပြင်ရန် အလှူငွေကျပ်နှစ်သိန်းနှင့် သွပ်အချပ် ၁၅၀ ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

မြေနေရာကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် အခြေခံပညာမူလတန်းကျောင်း ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမရာဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် အလျားပေ ၁၅၀၊ အနံပေ ၃၀ ရှိသည့် အခြေခံပညာအထက်တန်းကျောင်းဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှူငွေပေးအပ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့ သောကြာ ကျေးလက်ကျန်းမာရေးဌာန ပြုပြင်ရန်အတွက် အလှူငွေကျပ်နှစ်သိန်းနှင့် သွပ် ၇၂ ချပ်ကို ပေးအပ်စဉ်။ (ရထား)

နောင်ချို အုမ္မခါးကျေးရွာ ကော၁၀၀၀စိုက်ခင်း ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စိုက်ပျိုးရေးတာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဩဂုတ် ၁၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ် ကော၁၀၀၀ စိုက်ခင်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးတာဝန်ခံ ဗိုလ်မှူးမျိုးထွန်း(ငြိမ်း)က နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုနှင့် နွားများမွေးမြူထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် နှစ်ရှည်ပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုးပင်များ စိုက်ပျိုးထားရှိမှု၊ သရက်၊ ပြောင်း၊ ကြံ၊ ပိန္နဲ၊ ကော်ဖီပင်များ စိုက်ပျိုးထားရှိမှုနှင့် နွားများမွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(သတင်းစဉ်)**

ဆွေးနွေးဟောပြော

ဩဂုတ် ၁၈ ရက်က ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဟောပြောပွဲနှင့် စာဖတ်ဝိုင်း အခမ်းအနားကို အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းက ချစ်နိုင်(စိတ်ပညာ)၏ အောင်မြင်သူတို့ရဲ့ အပြုအမူစာအုပ်မှ အလင်းတံခါးတစ်ခုဖွင့်ခဲ့ပြီ **ဆောင်းပါးကို ဆွေးနွေးဟောပြောစဉ်။** (မြို့နယ် ပြန်/ဆက်)

လေ့ကျင့်ရေးအလယ်တန်းကျောင်း(အလက-၁ ရန်ကင်း) ပထမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

လေ့ကျင့်ရေးအလယ်တန်းကျောင်း (ယခင် အလက-၁ ရန်ကင်း)၌ ၁၉၅၄ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ယခုနှစ် နိုဝင်ဘာ ၁၂ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဆရာမ ဒေါ်ခင်စန်းမြင့်(ကျောင်း) ဖုန်း-၅၆၁၅၆၅၊ (အိမ်) ၅၅၅၁၈၀ လိုင်းခွဲ ၂၆၁၊ ကိုပြည့်ဖြိုးဝေ ဖုန်း-၀၉-၅၁၆၉၆၉၁၊ ကိုမောင်မောင်ဝေ ဖုန်း-၀၉-၅၁ ၀၆၈၄၀၊ ကိုရန်နိုင်မိုးလွင် ဖုန်း-၅၇၃၅၀၅ လိုင်းခွဲ ၁၉၈၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉-၅၁၆၉၅၇၅၊ ကိုတိုးဝင်းမြင့် ဖုန်း-၀၉-၂၂၀၁၄၈၈၊ ကိုဇော်မိုးဝေ ဖုန်း-၀၉-၅၁၀၉၁၆၉၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁၉၆၅၈၁၊ ကိုအေးအောင် ဖုန်း-၅၆၆၆၃၆၊ ကိုထွန်းထွန်းခိုင်(ကြက်ပေါင်) ဖုန်း-၅၄၀၁၀၃၊ မနေနွယ်မြင့် ဖုန်း-၀၉-၅၁၆၃၉၇၊ ကိုကျော်ဇင်စိုး ဖုန်း-၅၆၅၃၀၁၊ မမျိုးပပဦး ဖုန်း-၅၅၀၇၁၂၊ မနွေးနွေးအောင် ဖုန်း-၀၉-၅၁-၁၈၀၉၄၊ မခြူးသက်နွယ် ဖုန်း-၀၉-၅၁၁၈၀၉၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ထို့ပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပသော အစည်းအဝေးသို့ လာရောက်၍လည်း သိလိုသမျှကို စုံစမ်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

ချစ်နိုင်(စိတ်ပညာ)၏ အမေ့အတွက်လက်ဆောင် စာအုပ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ရေးသားသည့် **'အမေ့အတွက်လက်ဆောင်'** စာအုပ်ထွက်ရှိလာသည်။**(အပေါ်ပုံ)**

အဆိုပါစာအုပ်တွင် စာရေးသူက **မိဘကျေးဇူးဆပ်ပုံ၊ အချစ်ရဆုံး အမြတ်နိုးဆုံး ကျေးဇူးရှင်မွေးမိခင်အား အလုပ်အကျွေးပြုပုံ မိဘမေတ္တာကို ဖော်ညွှန်းထားပြီး အဝေးရောက်သားများ ချစ်လှစွာသောအမေအတွက် ရှိသေမြတ်နိုးဦးထိပ်ပန်ဆင် ပူဇော် ကန်တော့သင့်သော လက်ဆောင်မွန်ဖြစ်ကြောင်း** ဖော်ပြထားပြီး ဆောင်းပါး ၄၂ပုဒ်ဖြင့် စုစည်းဖော်ပြထားသည်။ နိုင်စာပေ အမှတ်၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း- ၂၅၄၂၇၀၊ ၀၉-၅၀-၃၅၅၀၇က ဖြန့်ချိ၍ တန်ဖိုးငွေ ကျပ် ၁၈၀၀ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

နမ္မတူမြို့မဈေး၌ ခြင်ဆေးဖျန်း

နမ္မတူ ဩဂုတ် ၂၀

နမ္မတူမြို့ မြို့မဈေးအတွင်း ခြင်အန္တရာယ် ကင်းရှင်းစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ်၁၅ရက်က ဆောင်ရွက်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကြည်ဝင်းက ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ထီးချိုင့်မြို့သန့်ရှင်းရေး ကွင်းဆင်းဆောင်ရွက်

ထီးချိုင့် ဩဂုတ် ၂၀

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ မြို့တွင်းရပ်ကွက်အလိုက် အမှိုက်သိမ်းလမ်းကြောင်းများတွင် ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းဆည်းဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

နယ်စပ်/စည်ပင် ဝန်ကြီးဌာန သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဩဂုတ် ၁၅ရက် နံနက် ၈နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ်(၂၈)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၈)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၅)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၅၄/၅၅) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၈)တွင် စံပြသင်တန်းသူဆုရ ဒေါ်ဝေဝေမြင့်၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၈)တွင် စံပြသင်တန်းသူဆုရ ဒေါ်သင်းယုယုဝင်း၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၅)မှ ကြိမ်ဘာသာရပ်တွင် စံပြသင်တန်းသူဆုရ ဒေါ်ဖြိုးဝေဝေလှိုင်၊ ဝါးဘာသာရပ်တွင် စံပြသင်တန်းသူဆုရ ဒေါ်နန်းရည်ဝင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၄)တွင် စံပြသင်တန်းသူဆုရ ဒေါ်ဝင်းဝင်းကြည်၊ စာပေထူးချွန်ဆုရ ဒေါ်နှင်းနှင်းသက်၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၅)တွင် စံပြသင်တန်းသူဆုရ ဒေါ်ဇင်မာလွင်တို့အား ထူးချွန်ဆုများ ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

(သတင်းစဉ်)

ကျေးရွာချင်းဆက်လမ်း လွယ်ဂျယ်၌ ပြင်ဆင်

ရန်ကုန် ဩဂုတ် ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့က ဝင်းခမ်း-ကောင်းဆာကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ရန် မြေသားလမ်းပြင်ဆင်နေခြင်းကို ဩဂုတ် ၈ရက်က လွယ်ဂျယ်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမော်နှင့် လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးသောင်းမြင့်တို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ လွယ်ဂျယ်မြို့ စည်ပင်သာယာရေး အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးဝဏ္ဏက လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၂၀

ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိသရ၏ ဝါတွင်းတရားပွဲကို ဩဂုတ် ၂၃ ရက် (စနေနေ့) ည ၇ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံပြင်ပ၌ မြေငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၄ နာရီ ၉ မိနစ် ၂၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင်၆၀၀ ခန့်ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (တရုတ်-မြန်မာ နယ်စပ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရစ်ချ်တာစကေး ၅ဒသမ၃ရှိ ငလျင် တရုတ်နှင့်မြန်မာနယ်စပ်၌လှုပ်သွား

ပေကျင်း ဩဂုတ် ၂၀

တရုတ်နှင့် မြန်မာနိုင်ငံ နယ်စပ်၌ ဩဂုတ် ၂၀ရက် ဒေသစံတော်ချိန် နံနက် ၅နာရီ ၃၅မိနစ်ခန့်က ရစ်ချ်တာစကေး ၅ဒသမ ၃ အင်အားရှိသည့် ငလျင် လှုပ်သွားကြောင်း တရုတ်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာအရာရှိများက ပြောကြားသည်။

ငလျင်လှုပ်သည့် နေရာမှာ မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ ၆၅ကီလိုမီတာခန့်အကွာ၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဒါလီမြို့မှ ၂၂၄ ကီလိုမီတာအကွာ မြေအောက် ငါးမိုင်ခန့်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ (အပေါ်ပုံ)

ဘေးကင်းရာသို့ရွှေ့ပြောင်း

ငလျင်လှုပ်မှုကြောင့် ဒေသခံ ၁၂၀၀ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တရုတ် မီဒီယာများက ဖော်ပြသည်။

စပိန် ခရီးသည်တင်လေယာဉ် ပြေးလမ်းချော်မီးလောင် ခရီးသည် ၁၀၀ခန့်သေဆုံး၊ ကျန်လူများပြင်းထန်စွာဒဏ်ရာရရှိ

မက်ဒရစ် ဩဂုတ် ၂၀

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ဩဂုတ်၂၀ရက် ဒေသစံတော်ချိန် မွန်းလွဲ၂နာရီ ၄၅မိနစ်က ခရီးသည်တင်လေယာဉ်တစ်စင်း မက်ဒရစ်လေဆိပ်မှ ပျံတက်ရန်ကြိုးစားစဉ် ပြေးလမ်းချော်ပြီး မီးလောင်ပေါက်ကွဲခဲ့ရာ**(အပေါ်ပုံ)** နောက်ဆုံးဖောင်ပိတ်ချိန်အထိ ခရီးသည် ၁၀၀ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေး

အဆိုပါလေယာဉ်၌ လေယာဉ်အမှုထမ်းနှင့် ခရီးသည်စုစုပေါင်း ၁၇၃ဦး ပါရှိခဲ့ရာ မသေဆုံးဘဲ ကျန်ရှိသူများမှာလည်း ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။ လေယာဉ်မီးလောင်ရာသို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အမြန်ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မီးလောင်ပေါက်ကွဲ

၄င်းခရီးသည်တင်လေယာဉ်မှာ မက်ဒရစ်လေဆိပ်မှ စပိန်နိုင်ငံ ဂရန်ကာနာရီးရားကျွန်းရှိ လက်စ်ပါမက်စ်လေဆိပ်သို့ ပျံသန်းရန်ကြိုးစားစဉ် ယခုကဲ့သို့ ပြေးလမ်းချော်ပြီး မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်ရှိ

ရန်ကုန် ဩဂုတ် ၂၀

ဩဂုတ် ၁၉ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို ဆန်းစစ်ကြည့်ပါလျှင် ပိုလန်နိုင်ငံတောင်ပိုင်း၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ အီတလီနိုင်ငံ အောက်စတာဒေသတွင် နှင်းမုန်တိုင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရသည်။

ဩဂုတ် ၂၀ရက်က မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်မိုးရွာသွန်းခဲ့ပြီး၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတွင် နေရာကျဲကျဲမိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့သည်။

ဩဂုတ် ၂၀ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျောက်ဖြူ	၂ ဒသမ ၃၂ လက်မ
မောင်တော	၁ ဒသမ ၉၃ လက်မ
ကိုကိုးကျွန်း	၁ ဒသမ ၆၅ လက်မ
ခရမ်း	၁ ဒသမ ၅၄ လက်မ
အမ်း	၁ ဒသမ ၅၀ လက်မ
ဥမြို့	၁ ဒသမ ၆၄ လက်မ
မြစ်ကြီးနား	၁ ဒသမ ၃၃ လက်မ
မြင်းခြံ	၁ ဒသမ ၀၆ လက်မ

ဩဂုတ် ၂၁ ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး မန္တလေးတိုင်း၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ် ၂၁ရက်**(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

အယ်လ်ဂျီထုတ် လက်ကိုင်ဖုန်းသစ်

သယ်ဆောင်ရလွယ်ကူပြီး ကြည်လင်ပြတ်သားသော ပုံရိပ်နှင့်အသံများ သတင်းအချက်အလက်များကို ပေးစွမ်းနိုင်သည့် ကြိုးမဲ့ဝိုင်ယာလက်စနစ်သုံး တယ်လီဖုန်း အမျိုးအစားသစ် တစ်မျိုးကို အယ်လ်ဂျီကုမ္ပဏီက ထုတ်လုပ်လိုက်ပြီ ဖြစ်သည်။ (ယာပုံ)

အင်တာနက်ချိတ်ဆက်

အဆိုပါ လက်ကိုင်ဖုန်းသည် အသုံးပြုရမည့် ခလုတ်အရေအတွက် အနည်းငယ်မျှဖြင့် ဝန်ဆောင်မှုအများအပြားကို ဆောင်ရွက်ပေးနိုင် သည်။ ထို့အပြင် ၎င်းလက်ကိုင်ဖုန်းသည် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည်။

ကြည့်ရှုနိုင်

တစ်ဖန် တေးဂီတနားထောင်နိုင်သည့်အပြင် ရုပ်သံအစီအစဉ်များကိုလည်း တစ်ဆက်တည်း နာရီပေါင်းများစွာ ကြည့်ရှုနိုင်ကြောင်း၊ အသံဖမ်းစက်အဖြစ်လည်း အသုံးပြုနိုင်သည့်လက်ကိုင်ဖုန်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ကိုင်ဖုန်းသည် ကလေးငယ်များအတွက် အထူးသင့်လျော်ပြီး ပေါ့ပါးသည့်အပြင် ကိုင်တွယ် ပြောဆိုရ လွယ်ကူကာ ရှင်းလင်းသော စနစ်များကြောင့် ဆက်သွယ်ရာတွင် လွယ်ကူလျင်မြန်သော ဖုန်းဖြစ်သည်။ (အင်တာနက်)

နည်းပညာသိပ္ပံ

ဈေးကလီးယားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဂျော်ဒန်-တရုတ် သဘောတူ လက်မှတ်ရေးထိုး

အမ္မန် ဩဂုတ် ၂၀

ဂျော်ဒန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အနာဂတ်တွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရန် ရည်ရွယ်ကာ ပူးပေါင်းဆောင်ရွက်မှုကို လမ်းဖွင့်ပေးသည့်အနေဖြင့် နျူကလီးယားဆိုင်ရာ သဘောတူညီချက်ကို ဩဂုတ် ၁၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အထူးသဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရန်နှင့် ပင်လယ်ရေကို ရေချိုဖြစ်အောင်သန့်စင်သော လုပ်ငန်းတို့တွင် သုံးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

စီမံဆောင်ရွက်

ယင်းသဘောတူညီမှု စာချုပ်အရ ၎င်းနှစ်နိုင်ငံတို့သည် အသုံးချ သုတေသန လုပ်ငန်းများတွင် ပူးပေါင်းဖလှယ်ရေး၊ နျူကလီးယား စက်ရုံပုံစံ ရေးဆွဲရေး၊ တည်ဆောက်ရေးနှင့် လည်ပတ်ရေး၊ အခြားသော ဒေသများတွင် ဓာတ်သတ္တုရှာဖွေရေးနှင့် နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေးတို့ကို စီမံဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းစာချုပ်ကို ဂျော်ဒန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဂေါင်စီယာအိုရှင်နှင့် ဂျော်ဒန်နျူကလီးယားစွမ်းအင် ကော်မရှင်ဥက္ကဋ္ဌ ခါလက်ဒ်တိုကန်တို့ နှစ်ဦးက လက်မှတ်ရေးထိုး သဘောတူညီခဲ့ကြသည်။ **(အင်တာနက်)**

ဗီယက်နမ်ပင်လယ်အစားအစာ ပြည်ပသို့ ပို့မှုတင်ပို့နိုင်

ဟန်နွိုင်း ဩဂုတ် ၂၀

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ပင်လယ်အစားအစာ တင်ပို့မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၄ဘီလီယံရရှိရန် မျှော်မှန်းထားရှိခဲ့ရာမှ အမှန်တကယ် တင်ပို့မှုသည် ရာခိုင်နှုန်း ၂၀ မြင့်တက်ခဲ့ကြောင်း ဩဂုတ် ၁၉ ရက်က ဗီယက်နမ်စိုက်ပျိုးရေး သတင်းစာ၌ ဖော်ပြသည်။

မြင့်တက်

ယခုနှစ်အစောပိုင်းကာလတွင် ပင်လယ်အစားအစာဖြစ်သည့် ပုစွန်တင်ပို့မှုတွင် အမေရိကန် ဒေါ်လာ ၇၈၄ဒသမ ၄သန်းနှင့် ငါးခူတင်ပို့မှု၌ အမေရိကန်ဒေါ်လာ ၇၆၂ဒသမ ၈သန်း ရရှိကြောင်း ယခင်သုံးနှစ်တာကာလနှင့် နှိုင်းယှဉ်ပါက နှစ်ချင်းအလိုက် တင်ပို့မှု မြင့်တက်ခဲ့သည်။

တင်ပို့လျက်ရှိ

ဗီယက်နမ်နိုင်ငံသည် ပင်လယ်အစားအစာ သဘော်တင်ပို့မှု လုပ်ငန်းတွင် ဥရောပနိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ကြုံတွေ့ရ

၎င်းနိုင်ငံ မြောက်ပိုင်းသည် ပင်လယ်အစားအစာ ရေလုပ်ငန်းထွက်ရှိသည့် အဓိကအချက်အချာ ဒေသဖြစ်သော်လည်း ပြည်ပသဘော်တင်လုပ်ငန်း၌ စက်သုံးဆီဈေးနှုန်း မြင့်တက်မှုများကြောင့် အခက်အခဲများကြုံတွေ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဂျော်ဂျီယာကိစ္စ နေတိုးအဖွဲ့ ဆွေးနွေးညှိနှိုင်းမည်

ဘရပ်ဆဲလ် ဩဂုတ် ၂၀

ဂျော်ဂျီယာ၌ ရုရှားစစ်ရေးဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းနိုင်ရေး ဘရပ်ဆဲလ်မြို့တွင် နေတိုးနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးညှိနှိုင်းမည်ဖြစ်သည်။

ဂျော်ဂျီယာတွင် ရုရှားတိုးစစ်ဆင်ပြီး အောင်မြင်မှုမရရှိနိုင်အောင် အနောက်အုပ်စုက တားဆီးပိတ်ပင်ထားရမည်ဖြစ်ကြောင်း အစည်းအဝေးမတိုင်မီတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်က ပြောကြားလိုက်သည်။

ကြေညာ

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ဂျော်ဂျီယာနှင့် ရုရှားတို့က ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က လက်မှတ်ရေးထိုးခဲ့ပြီး ဩဂုတ်၁၈ရက်မှစ၍ တပ်များ စတင်ရုပ်သိမ်းပေးမည်ဟု ကြေညာခဲ့သည်။

ငြင်းဆို

ဂျော်ဂျီယာမှ ရုရှားတပ်များ ရုပ်သိမ်းပေးခြင်းမရှိကြောင်း ဂျော်ဂျီယာအစိုးရက ကြေညာသည်ကို ရုရှားအစိုးရက ငြင်းဆိုထားသည်။ **(အင်တာနက်)**

ယူအေအီး၌ စွမ်းအင်ကဏ္ဍအတွက် လာမည့် ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ လိုအပ်

ဒူဘိုင်း ဩဂုတ် ၂၀

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံသည် လာမည့် ၁၀ နှစ်အရောက်တွင် စွမ်းအင်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ပိုမိုသုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်း ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

ကျခံသုံးစွဲ

ယူအေအီးနိုင်ငံ အဖွဲ့ဝင်ဖြစ်သည့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်မှုကောင်စီ(ဂျီစီစီ)နိုင်ငံများသည် ယခုလက်ရှိတွင် စွမ်းအင်ကဏ္ဍ စီမံကိန်းလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀ ကျခံသုံးစွဲလျက်ရှိသည်။

ပြည်ပတင်ပို့

ပင်လယ်ကွေ့နိုင်ငံများ၏ ရေနံပြည်ပတင်ပို့မှုမှာ ယခုနှစ်အတွင်း အမေရိကန် ဒေါ်လာဘီလီယံ ၃၀ ရရှိရာ ကမ္ဘာ့နိုင်ငံများ၏ ရေနံတင်ပို့မှုတွင် တတိယအဆင့်၌ ရပ်တည်လျက် ရှိသည်။

ပူးပေါင်းဆောင်ရွက်

ယူအေအီးနိုင်ငံနှင့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်မှုကောင်စီ(ဂျီစီစီ) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံများ၏ စွမ်းအင်ကဏ္ဍဆိုင်ရာ ဒေသတွင်း စီမံကိန်းလုပ်ငန်းများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဆာလာဟူဒင်ပြည်နယ်၌ အမေရိကန် ရဟတ်ယာဉ်ပျက်ကျ

တီကရစ် ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်၌ ဩဂုတ် ၁၈ရက် နံနက်ပိုင်းက အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်နှင့်အီရတ် ဆက်သွယ်ရေးရုံးအဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းဖြစ်ပွားမှုသည် တစ်စုံတစ်ရာ စစ်ဆင်ရေး တိုက်ခိုက်မှုမဖြစ်ပေါ်ခဲ့သဖြင့် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့သည်ဟု ယူဆရကြောင်း ပူးပေါင်းဆောင်ရွက်မှုစင်တာ(ဂျေစီစီ)က ပြောကြားသည်။

အဆိုပါဒေသသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ချက်ချင်းစောင့်ကြပ်ထားရှိပြီး မည်သို့ဖြစ်ပွားခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဆင်ဟွာသို့ သတင်းပေးပို့သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်ပြောက်ကျားများ လူသတ်၊ နေအိမ်များမီးရှို့

မနီလာ ဩဂုတ် ၂၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မြို့နှစ်မြို့မှ အစိုးရတပ်များက မတိုက်ထုတ်မီ ရာပေါင်းများစွာသော ပြောက်ကျားများက ဩဂုတ် ၁၈ရက်တွင် ၃၄ ဦး သတ်ဖြတ်ပြီး နေအိမ်များကိုမီးရှို့ကာ ဘဏ်များမှ ငွေများ လုယက်သွားသည်ဟု ဆိုသည်။

တိုက်ခိုက်

ယခုလအတွင်း နယ်မြေသတ်မှတ်ပေးရေး သဘောတူညီမှုကြောင့် ပဋိပက္ခဖြစ်ပွားပြီးနောက် သွေးထွက်သံယိုမှု အများဆုံး ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

အလေးချိန် ပေါင် ၃၀၀ရှိ ချောကလက်ကြီး

အမေရိကန်နိုင်ငံ နယူးဂျာစီ ပြည်နယ် အိုရှင်းမြို့တွင် ရှစ်ကာဇာကော့စ်အမည်ရှိ အမျိုးသားတစ်ဦးက လက်မ ၃၀ အမြင့်ရှိပြီး အလေးချိန်ပေါင် ၃၀၀ လေးသည့် ချောကလက်ကြီးတစ်ခုကို ဩဂုတ် ၁၈ ရက်က ပြုလုပ်ခဲ့ရာ၎င်းချောကလက်ကြီးသည် ကမ္ဘာပေါ်၌ အကြီးဆုံးချောကလက်အဖြစ်(ယာပုံ)ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အကြီးဆုံး ရော်ဘာကြိုးလုံးကြီး

ကနေဒါနိုင်ငံ အော့တဝါမြို့တွင် အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးက ရော်ဘာကြိုးစပေါင်း ၇၂၆၅၀၀ ကျော်တို့ဖြင့် စုပေါင်းရစ်ပတ်ထားသော ရော်ဘာကြိုးလုံးကြီး**(ဝဲပုံ)**တစ်လုံး ပြုလုပ်လိုက်ရာ စုစုပေါင်း ပေါင်ချိန် ၈၂၀၀ ရှိသဖြင့် ကမ္ဘာပေါ်၌ အကြီးဆုံး ရော်ဘာကြိုးလုံးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဩဂုတ် ၁၈ ရက်က ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယား၌ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဖြစ်ပွားမှုနှုန်း ယခုနှစ်တွင် တစ်ဟုန်ထိုးကျဆင်းခဲ့

ဖနောင်ပင် ဩဂုတ် ၂၀

ကမ္ဘောဒီးယားနိုင်ငံသားများ၏ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါဖြစ်ပွားမှုနှုန်းသည် ၁၉၉၀ပြည့်နှစ်နှောင်းပိုင်းတွင် တစ်ဟုန်ထိုးကျဆင်းခဲ့ကြောင်း၊ အနာဂတ်တွင် ၎င်းရောဂါ ကူးစက်ပျံ့နှံ့မှုသည် ဆက်လက်ကျဆင်းမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းခဲ့ကြကြောင်း အမျိုးသားမီဒီယာဌာနက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိန်းချုပ်နိုင်

မိမိတို့သည် အိတ်ချ်အိုင်ဗွီပျံ့နှံ့မှုကို ကာကွယ်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် ကုသခြင်းတို့ဖြင့် အောင်မြင်စွာ လျှော့ချ ထိန်းချုပ်နိုင်ခဲ့သည့်အတွက် စီမံကိန်းမန်နေဂျာ တစ်ဦးအနေဖြင့် လွန်စွာဝမ်းမြောက်မိကြောင်း၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် အရေပြားရောဂါဌာနမှ ညွှန်ကြားရေးမှူးမီအန်ချဟီဗွန်၏ ပြောကြားချက်ကို ကမ္ဘောဒီးယား နေ့စဉ်ထုတ်သတင်းစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း အာရှနိုင်ငံများ၏ ရေကြောင်းဆိုင်ရာ သတင်းပဒေသာ ၂၀-၈-၂၀၀၈

နီပွန်သင်္ဘောလုပ်ငန်း အမြတ်ငွေကျဆင်းခဲ့

တိုကျို ဩဂုတ် ၁၉

ဂျပန်နိုင်ငံ နီပွန်သင်္ဘောလုပ်ငန်း **(ယာပုံ)**နှင့် မစ်ဆူအီ သင်္ဘောလုပ်ငန်းတို့သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း အမြတ်ငွေများ ကျဆင်းခဲ့ကြောင်း၊ ထိုသို့ အမြတ်ငွေ ကျဆင်းမှုမှာ လောင်စာဈေးနှုန်း မြင့်တက်မှုကြောင့်ဖြစ်ကြောင်း၊ အမြတ်ငွေကျဆင်းမှုမှာ ၃၆ ရာခိုင်နှုန်း ရှိခဲ့ပြီး အမေရိကန် ဒေါ်လာသန်း ၂၅၀ ခန့် အမြတ်ငွေ လျော့နည်းခဲ့ကြောင်း သိရသည်။

ရှန်ဟိုင်း သင်္ဘောတည်ဆောက်ရေးလုပ်ငန်း ပြန်လည်ဦးမော့လာမည်

ရှန်ဟိုင်း ဩဂုတ် ၁၉

တရုတ်နိုင်ငံရှိ ရှန်ဟိုင်းအခြေစိုက်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအနေဖြင့် ပြီးခဲ့သည့် ၂၀၀၇-၂၀၀၈ ကာလအတွင်း ၂၃သမ၁ရာခိုင်နှုန်း လျော့ကျခဲ့သော်လည်း ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတကာမှ အမှာစာများ လက်ခံရရှိထားပြီးဖြစ်ရာ ပြန်လည် ဦးမော့လာမည်ဖြစ်ကြောင်း ရှန်ဟိုင်းသင်္ဘော တည်ဆောက်ရေးလုပ်ငန်းက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား၌ သင်္ဘောတည်ဆောက်ရေး အမှာစာနည်းပါးနေ

ဆိုးလ် ဩဂုတ် ၁၉

တောင်ကိုရီးယားနိုင်ငံ၏ ဒိုးဆန်အုပ်စုက မိမိတို့၏သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ အမှာစာ လျော့ကျလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ကမ္ဘာ့စီးပွားရေး ကျဆင်းနေ၍ဖြစ်ကြောင်း၊ ဒေဝူးသင်္ဘော တည်ဆောက်ရေးလုပ်ငန်း (အောက်ပုံ) **ခွဲများမှလည်း အမှာစာများ လျော့နည်းခဲ့ကြောင်း ဒိုးဆန်သင်္ဘောတည်ဆောက်ရေးအုပ်စုက ပြောကြားသည်။**

တရုတ်ရေကြောင်း ကုန်တင်ပို့မှုကဏ္ဍ မြင့်တက်

ကျိုနန် ဩဂုတ် ၁၉

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဘိုဟိုင်းပင်လယ်နှင့် လေကျို့ ပင်လယ်အော်ရှိ ရေကြောင်းလိုင်းများမှ အာဖရိကနိုင်ငံများသို့ ယခုနှစ် ခုနစ်လအတွင်း သင်္ဘောဖြင့် ကုန်တန်ချိန်ပေါင်း ၉၇၀၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း ပြည်နယ်ရေကြောင်းလုပ်ငန်းက ပြောကြားသည်။

ဂျာမနီကုန်သေတ္တာလုပ်ငန်း အမြတ်ငွေလျော့နည်း

ဘာလင် ဩဂုတ် ၁၉

ဂျာမနီနိုင်ငံမှ တီယူအိုင်အေဂျီ ကွန်တိန်နာလုပ်ငန်း အမှာစာအသစ်များကို စောင့်မျှော်လျက်ရှိကြောင်း၊ ကွန်တိန်နာလုပ်ငန်း၏ဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉၃သန်း ကျဆင်းလျက်ရှိကြောင်း၊ ယခုနှစ် ဒုတိယခြောက်လတာကာလ၌ အမြတ်ငွေ ပုံမှန်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း တီယူအိုင်အေဂျီက ပြောကြားသည်။

ဘရာဇီးနှင့်တရုတ် ကုန်တင်သင်္ဘော ပူးတွဲတည်ဆောက်

ရီယိုဒီဂျနေရိုး ဩဂုတ် ၂၀

ဘရာဇီးနှင့် တရုတ်နိုင်ငံတို့သည် တန်ချိန် ၄၀၀၀၀၀ တင်ဆောင်နိုင်သည့် ကုန်တင်သင်္ဘောပူးတွဲတည်ဆောက်မှု စီမံကိန်းအတွက် နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းလုပ်ငန်းစီမံကိန်းအတွက် ဘရာဇီးနိုင်ငံမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ဟောင်ကောင် သင်္ဘောကုန်တင်ကုန်ချလုပ်ငန်း အမြတ်ငွေကျဆင်း

ဟောင်ကောင် ဩဂုတ် ၂၀

ဟောင်ကောင် ကွန်တိန်နာသင်္ဘော ကုန်တင်ကုန်ချလုပ်ငန်းသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် အမြတ်ငွေ ကျဆင်းလျက်ရှိကြောင်း၊ လာမည့် ဒုတိယနှစ်ဝက်တွင် သင်္ဘောကုန်တင်ကုန်ချလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရေးကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၄င်းလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ဘဝအမောပြေ

မိန်းမပီသတဲ့ မိန်းမ . . . .

အလွန်ချောမောလှပပြီး မိန်းမပီသလွန်းသည့် အမျိုးသမီးမျိုးကိုမှ လက်ထပ်မည်ဟု ကြွေးကြော်ထားသည့် ဆရာဝန်တစ်ဦးသည် သူ့စိတ်တိုင်းကျ အမျိုးသမီးကို လက်ထပ်ယူပြီး တစ်နှစ်ခန့်အကြာ၌ သူငယ်ချင်းဆရာဝန်တစ်ဦး သူ့ထံအလည်အပတ် ရောက်ရှိလာခဲ့သည်။

အိမ်ရှင်ဆရာဝန်။ ။ ဟာ…သူငယ်ချင်းမတွေ့ရတာကြာပြီ။

ဧည့်သည်ဆရာဝန်။ ။ အေးကွာ…အလုပ်တွေမအားဘူး ဖြစ်နေတယ်။

အိမ်ရှင်ဆရာဝန်။ ။ မင်းကိုပြောရဦးမယ်…ကျောင်းတုန်းကကြွေးကြော်ခဲ့သလို အလွန်ချောပြီး မိန်းမပီသတဲ့အမျိုးသမီးနဲ့ ငါလက်ထပ်ထားတယ်ကွ။

ဧည့်သည်ဆရာဝန်။ ။ ဟုတ်လား…ဝမ်းသာပါတယ်ကွာ၊ မင်းဆန္ဒအတိုင်း ဖြစ်ခဲ့လို့။

အိမ်ရှင်ဆရာဝန်။ ။ အေး…မင်းကို ငါ့ဇနီးနဲ့ မိတ်ဆက်ပေးရဦးမယ်…ဟုပြောကာ သူ့ဇနီးအား ခေါ်ထုတ်လာရာ ရင်းနှီးစွာမြင်ဖူးသည့် အမျိုးသမီးတစ်ဦးအဖြစ် စိတ်ထဲထင်နေရာမှ မှတ်မိသွားလေသည်။ အမျိုးသမီးလည်း နှုတ်ဆက်ပြီး အိမ်ထဲပြန်ဝင်သွားခဲ့သည်။

အိမ်ရှင်ဆရာဝန်။ ။ ဘယ်နှယ့်လဲ…ချောပြီး မိန်းမပီသတယ်မဟုတ်လား။

ဧည့်သည်ဆရာဝန်။ ။ ငါကောင်းကောင်းသိပါတယ်ကွာ…ယောကျ်ားအဖြစ်ကနေပြီး မိန်းမအဖြစ် ပြောင်းချင်တယ်ဆိုလို့ ငါကိုယ်တိုင်ခွဲစိတ်ကုသပေးလိုက်တဲ့ အကောင်ပါကွာ။

အိမ်ရှင်ဆရာဝန်။ ။ "ဟိုက်"

သူတို့အတွေးနှင့်အမြင်

* *Good fortune is not known until it is lost.*

မဆုံးရှုံးဖူးသေးသမျှ ကံကောင်းမှု၏ တန်ဖိုးကို သိဦးမည်မဟုတ်ချေ။

ဆာဗန်တီးစ်
စပိန်လူမျိုးစာရေးဆရာ

* *Coming together is a beginning; keeping together is progress; working together is a success.*

အတူလာခြင်းသည် စတင်ခြင်းဖြစ်၍ အတူရှိနေခြင်းသည်တိုးတက်မှုဖြစ်စေကာ အတူအလုပ်လုပ်ခြင်းသည် အောင်မြင်မှုကို ဖြစ်ထွန်းစေသည်။

ဟင်နရီဖို့ဒ်
(ပြင်သစ် အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်တာနက်ကျန်းမာရေး

ကျောင်းစာ၊ အိမ်စာများ စနစ်တကျမလုပ်လျှင် အသက်ကြီးရင့်သည့်အခါ စိတ်ကစဉ့်ကလျားရောဂါရနိုင်

ကလေးငယ်များအနေဖြင့် စာသင်ကျောင်းတွင်ဖြစ်စေ၊ နေအိမ်၌ဖြစ်စေ စနစ်တကျစာကျက်ခြင်းနှင့် ကျောင်းသင်ခန်းစာများကို လေ့လာခြင်းတို့ ပြုလုပ်သင့်ကြောင်း သို့မဟုတ်ပါက အသက်အရွယ်ကြီးပြင်းလာသည့်အခါ စိတ်ကစဉ့်ကလျားရောဂါ ဖြစ်ပွားတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သတိပေးလိုက်သည်။

အနှောင့်အယှက်

ကလေးငယ်များနေအိမ်၌ ကျောင်းသင်ခန်းစာများကိုလေ့လာချိန်တွင် အနီးဝန်းကျင်တွင်ရှိသော မြင်ကွင်းများမှာ တတ်နိုင်သမျှ အနှောင့်အယှက်ကင်းရှင်းသည့် အနေအထား၌ ရှိနေရမည်ဖြစ်သည်။

အကြံပြုထား

ထို့အတူ စာကြည့်ချိန်သည် ညစာစားပြီးချိန်နှင့် နံနက်စောစောအချိန်တို့တွင် ဖြစ်သင့်ကြောင်း အကြံပြုထားသည်။ တစ်ဖန် ကလေးငယ်များ ကျောင်းသင်ခန်းစာများကို ကျက်မှတ်လေ့လာနေချိန်၌ တေးဂီတ၊ ရုပ်မြင်သံကြားနှင့် တယ်လီဖုန်းစကားပြောဆိုမှုများကို ရှောင်ကြဉ်သင့်ကြောင်းလည်း ၄င်းတို့က ပြောကြားသည်။

ထိုသို့သော အချက်များကို မလိုက်နာခဲ့လျှင် ကလေးငယ်များ အသက်အရွယ်ကြီးရင့်လာသည့်အခါ စိတ်အာရုံထွေပြားပြီး စိတ်ကစဉ့်ကလျားရောဂါ ခံစားရဖွယ်ရှိကြောင်း သတိပေးထားသည်။

မေတ္တာပုလဲပန်း သီကုံးလိုပါသော်လည်း . . . . နိုင်ငံတကာ မှုခင်း

နယူးယောက်မြို့သည် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် အရှေ့တောင်ပိုင်း အတ္တလန္တိတ် သမုဒ္ဒရာကမ်းခြေရှိ စည်ကားလှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ဆိပ်ကမ်းမြို့ဖြစ်သဖြင့် သာယာလှပပြီး ပင်လယ်လေကို တဝကြီးရှူရှိုက်နိုင်သည့်အပြင် နိုင်ငံရပ်ခြားမှ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နားခိုကာ ကုန်စည်ရောင်းဝယ်ဖလှယ်ကြရာ မြို့ကြီးလည်းဖြစ်သည်။

မြေတောင်မြှောက်ပေးခဲ့

နယူးယောက်မြို့တွင် ၁၉၆၈ ခုနှစ်က ရောဘတ်ချိန်ဘာ**(အပေါ်ပုံ)**ဆိုသူ အမျိုးသားတစ်ဦးကို မွေးဖွားခဲ့သည်။ ရောဘတ်ချိန်ဘာ၏မိဘများမှာ လူချမ်းသာစာရင်းဝင် ကုန်သည်များဖြစ်ကြသည်။ ထို့ကြောင့် တစ်ဦးတည်းသော သားဖြစ်သူ ရောဘတ်ချိန်ဘာအား အရွယ်ရောက်လာသည်နှင့် ကျောင်းကြီး၊ ကျောင်းကောင်းတစ်ကျောင်းဖြစ်သည့် ဘော်လ်ဒွင်အမည်ရှိ ကျောင်းတွင်ထားကာ သားဖြစ်သူအား ပညာထူးချွန်ထက်မြက်စေရန် မြေတောင်မြှောက်ပေးခဲ့သည်။

ဘွဲ့ရခဲ့

ရောဘတ်ချိန်ဘာသည် အသက်၁၈နှစ်အရွယ် ၁၉၈၆ခုနှစ်တွင် ယင်းကျောင်းမှ ဘွဲ့ရခဲ့သကဲ့သို့ သူနှစ်သက်နေသောသူနှင့် သက်တူရွယ်တူ အမျိုးသမီးဖြစ်သည့် ဂျင်နီဖာလီဗင်ဆိုသူအမျိုးသမီးလည်း ဘွဲ့ရခဲ့လေသည်။ ရောဘတ်သည် ထိုစဉ်က ၄င်းအမျိုးသမီးအား အလွန်နှစ်သက်ခဲ့သူဖြစ်သည်။ ယင်းအမျိုးသမီးကမူ ၄င်းအား သူငယ်ချင်းသဖွယ်၊ အစ်ကိုသဖွယ်မျှသာ ရင်းရင်းနှီးနှီးဆက်ဆံပြီး ယင်းထက် ခင်မင်မှု မပိုခဲ့ချေ။

သေဆုံးခဲ့ရ

ရောဘတ်ချိန်ဘာအနေဖြင့်မူ ဂျင်နီဖာ၏ ခင်မင်မှုကို တလွဲအဓိပ္ပာယ်ကောက်ခဲ့သည်။ ထို့ကြောင့်ပင် ယင်းနှစ်တွင် နယူးယောက်မြို့ ဗဟိုပန်းခြံ၌ သူတို့နှစ်ဦးတွေ့ဆုံစဉ် ပြဿနာပေါ်ပေါက်ခဲ့ရသည်။ ရောဘတ်ချိန်ဘာသည် သူတို့နှစ်ဦးတွေ့ဆုံသည့်နေ့က ဂျင်နီဖာအား ချစ်ရေးဆိုခဲ့ရာမှ အစပြုကာ သူတို့နှစ်ဦးအကြားတွင် ပဋိပက္ခဖြစ်ပွားပြီး ရောဘတ်၏အကြမ်းဖက်ခဲ့မှုကြောင့် ပြဿနာ ပေါ်ပေါက်ခဲ့ရသည်။ နောက်ဆုံးတွင် နှစ်ဦးသား အချေအတင်စကားများ ရန်ဖြစ်ကြရာ ရောဘတ်မှာ ဒေါသစိတ်လွှန်ကဲကာ လည်ပင်းညှစ်ခဲ့မှုကြောင့် ဂျင်နီဖာ သေဆုံးခဲ့ရသည်။

ဒဏ်ရိုက်ခံခဲ့ရ

ဂျင်နီဖာသေဆုံးခဲ့မှုနှင့် ပတ်သက်ပြီး ၁၉၈၈ခုနှစ်တွင် လူသေမှု၊ မူးယစ်ဆေးဝါးမှုများဖြင့် ထောင်ဒဏ် ၁၅နှစ် ကျခံခဲ့ရပြီး ၂၀၀၃ခုနှစ်တွင် ထောင်မှ လွတ်မြောက်ခဲ့သည်။ ရောဘတ်သည် သူ့လက်ချက်ကြောင့် သူတစ်ဖက်သတ်ချစ်နေသော ဂျင်နီဖာ သေဆုံးခဲ့ရပြီး သူကိုယ်တိုင်လည်း ထောင်ဒဏ်ကျခံခဲ့ရခြင်းကြောင့် ထောင်မှထွက်ချိန်တွင် စိတ်လေကာ မူးယစ်သားကောင်ဘဝတွင် ဆက်လက်ကျင်လည်ခဲ့ပြန်သည်။ ထို့ကြောင့် ထောင်မှလွတ်ပြီး တစ်နှစ်အကြာ ၂၀၀၄ခုနှစ်တွင် ထောင်ဒဏ်ရက် ၁၀၀နှင့် ဒေါ်လာ ၂၀၀ ဒဏ်ရိုက်ခံခဲ့ရသည်။

ဖမ်းမိခဲ့

၂၀၀၇ခုနှစ် အောက်တိုဘာလတွင် ရောဘတ်နှင့် ၄င်း၏မိန်းကလေးမိတ်ဆွေတို့အား ကိုကင်းသုံးစွဲမှုဖြင့် မန်ဟက်တမ်အရပ်ရှိ တိုက်ခန်းတစ်ခန်းတွင်ဖမ်းမိခဲ့သည်။ ပြစ်မှုထင်ရှားပါက ၄င်းသည် ထောင်ဒဏ် ၁၉နှစ်ကျော် ကျခံရပေဦးမည်။

ယခုဖြစ်ရပ်တွင် မေတ္တာပုလဲပန်း သီကုံးလိုခဲ့ပါသော်လည်း သိမ်မွေ့စွာ ပုံမဖော်ခဲ့မှုကြောင့် ထောင်ဒဏ် ၁၅နှစ် ကျခံခဲ့ရသည့်တိုင် ပြုပြင်မှုမရှိဘဲ မူးယစ်ဆေးဝါး၏ သားကောင်အဖြစ် ဆက်တိုက်အမှားကျူးလွန်ခဲ့သည့်အတွက် ဘဝအခြေမလှဖြစ်ခဲ့ရသော ရောဘတ်ချိန်ဘာ၏ သင်ခန်းစာယူဖွယ်ရာအဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ရောဘတ်ချိန်ဘာ၏ မိဘများမှာ လူချမ်းသာစာရင်းဝင် ကုန်သည်များဖြစ်ကြ။ ထို့ကြောင့် တစ်ဦးတည်းသော သားဖြစ်သူ ရောဘတ်ချိန်ဘာအား အရွယ်ရောက်လာသည်နှင့် ကျောင်းကြီး၊ ကျောင်းကောင်းတစ်ကျောင်းဖြစ်သည့် ဘော်လ်ဒွင်အမည်ရှိ ကျောင်းတွင်ထားကာ သားဖြစ်သူအား ပညာထူးချွန်ထက်မြက်စေရန် မြေတောင်မြှောက်ပေးခဲ့။

21-8 (05).pmd 1 3/19/2003, 6:15 AM

ကျောင်းကန်ဘုရား လမ်းတံတားတို့ဖြင့် ဝင့်ထည်နေသော ခရမ်းမြို့နယ်ကွမ်းမိုးဒိန်းစံပြကျေးရွာ တစ်ရွာလုံး လျှပ်စစ်မီးလင်းဖြာခဲ့ပြီ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ခရမ်းစိုးမြင့် စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း(မြန်မာ့အလင်း)

ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာ၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးမိသားစု ဆောက်လုပ်လှူဒါန်းသော ဓမ္မာဘဏ္ဍာက နှစ်ထပ်ကျောင်းဆောင်နှင့် မဟာဝိဇယစေတီတော် ထီးတော်တင်ပွဲအခမ်းအနားကို ဤသို့ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရန်ကုန် ဩဂုတ် ၂၀

ဩဂုတ်၃ရက်(တနင်္ဂနွေနေ့) သို့မဟုတ် မိုးလတစ်လ၏တစ်နေ့တာ နံနက်ခင်း…။ မရောက်တာကြာပြီဖြစ်သည့် မွေးရပ်ဇာတိကို သွားရမည်ဖြစ်၍ စုရပ်ဖြစ်သော ခရမ်းမြို့နယ်အသင်း(ရန်ကုန်)သို့ နံနက် ၅နာရီကတည်းကရောက်ရှိခဲ့သည်။ သွားရမည့်နေရာကား ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ…။ ခရီးသွားဖော်များကား ဇာတိမြေမှ ရန်ကုန်ရောက်မိတ်ဆွေများနှင့်…။ သွားရမည့်အကြောင်းအရာကား ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနာ့ဇောတိက မစိုးရိမ်တိုက်သစ်စာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသဆရာတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တို့၏ ဦးစီးဆောင်ရွက်မှုဖြင့် ရွာသူရွာသားများ ကိုယ့်အားကိုယ်ကိုး ဆက်သွယ်ဆောင်ရွက်ခဲ့ကြသော လျှပ်စစ်မီးကို ကျေးရွာသို့ စတင်ပို့လွှတ်သည့် အခမ်းအနားဖြစ်ပါသည်။

ဇာတိမွေးရပ်မြေ ခရမ်းမြို့သည် ရန်ကုန်တိုင်းအတွင်းရှိသော်လည်း ယခင်က ရန်ကုန်ကို သွားလိုလျှင် သန်လျင်သို့ ကားနှင့် လာရပြီး သန်လျင်မှတစ်ဆင့် သင်္ဘောစီးရသဖြင့် အမြင်ကနီးသော်လည်း ခရီးသွားရသည်က အချိန်အကန့်အသတ်နှင့်သာဖြစ်သည်။ ယခုမူ နိုင်ငံတော်က သန်လျင်-ရန်ကုန်တံတားကြီး တည်ဆောက်ပေးခဲ့သဖြင့် ရန်ကုန်နှင့်ခရမ်းသည် နေ့ရောညပါ သွားလာနိုင်သော ခရီးဖြစ်နေသည်မှာ အနှစ် ၂၀နီးပါး ရှိနေပေပြီ။

ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ရွာအဝင်လမ်းမပေါ်၌ ဤသို့ကျင်းပခဲ့သည်။

မြို့နယ်အတွင်း၌ လူဦးရေ တစ်သိန်းကျော်ရှိပြီး မြို့ပေါ်ရပ်ကွက် ၁၂ခုနှင့် ကျေးရွာအုပ်စု ၅၃အုပ်စုရှိသည်။ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံလုပ်ကိုင်ကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြို့အဝင်ကားလမ်း၏ ဝဲဘက်ခြမ်းကို မြို့သစ်ရပ်ကွက်တစ်ခု တိုးချဲ့တည်ဆောက်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါး၊ နွေစပါးနှင့် သီးထပ်အဖြစ် ပြည်ပပို့ကုန် ပဲမျိုးစုံတို့ကို စနစ်တကျ စိုက်ပျိုးစေခဲ့ရာ ဒေသခံတောင်သူလယ်သမား အများစု ကြီးပွားတိုးတက်နေကြပေပြီ။

ကွမ်းမိုးဒိန်း စံပြကျေးရွာကလေးတွင် ထိုသို့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးရွာ တောင်သူလယ်သမားများဘဝ မြင့်မားလာကြသည့်အတွက်ရွာမှတောင်သူလယ်သမားတို့မှာ ဗုဒ္ဓဘာသာ မြန်မာတို့၏ ဓလေ့အတိုင်း အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ခဲ့ကြသည်။ သို့သော် ယခင်က ကျေးရွာတွင် ဘုန်းကြီးကျောင်း မရှိခဲ့ပါချေ။ သို့ဖြစ်နေစဉ် ကွမ်းမိုးဒိန်း ကျေးရွာဇာတိဆရာတော်တစ်ပါးဖြစ်သော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ ဒုတိယ မဟာနာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသဆရာတော်သည် ဇာတိရွာလေးသို့ ပြန်ကြွလာပြီး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဇနီးဒေါ်မြင့်မြင့်အေးတို့ မိသားစုနှင့်တွေ့ဆုံကာ ကွမ်းမိုးဒိန်းကျေးရွာ၌ ဝန်ကြီးမိသားစုဆောက်လုပ်လှူဒါန်းသော ဓမ္မာဘဏ္ဍာက နှစ်ထပ်ကျောင်းဆောင်၊ မဟာဝိဇယသိမ်တော်၊ မဟာဝိဇယစေတီတော်နှင့် သာသနိကအဆောက်အအုံများ တည်ဆောက်ပြီး သာသနာ့ဇောတိက မစိုးရိမ်တိုက်သစ်ခွဲကို တည်ထောင်၍ ဗုဒ္ဓစာပေများ သင်ကြားပို့ချရင်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆရာတော်သည် သာသနာပြုလုပ်ငန်းများအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ရွာမှဒါယကာများကို ဦးဆောင်မှုပေးလျက်ရှိသည်။ ထို့ကြောင့် ဆရာတော်ကြွလာပြီးမှ ကွမ်းမိုးဒိန်းကျေးရွာတွင် နှစ်ထပ် အထက်တန်းကျောင်းကြီး တစ်ကျောင်း၊ ထို့အပြင် ဓမ္မပါလစာကြည့်တိုက်၊ ဇီဝပါလဆေးခန်း၊ ကျုံမရေ-ညောင်ပင်ကွင်း ချောင်းကူးတံတားကြီးတစ်စင်း၊ မြို့နှင့် ဆက်သည့်ရွာဝင်လမ်းမကြီးစသည်တို့ကို ဖောက်လုပ်ခဲ့ပြီး ယခုအခါ ကျေးရွာမီးလင်းရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ကူညီမှုဖြင့် ကျေးရွာလူထုမှ ငွေကျပ်သိန်း၄၀၀ အကုန်အကျခံကာ သွယ်တန်းခဲ့သော လျှပ်စစ်ဓာတ်အားလိုင်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြန်သည်။ ထို့ကြောင့် ဩဂုတ်၃ရက်(တနင်္ဂနွေနေ့)ကို ကွမ်းမိုးဒိန်းစံပြကျေးရွာ မီးလင်းသောနေ့ဟုဆိုရမည်ဖြစ်သလို နိုင်ငံတော်အတွက် လျှပ်စစ်မီးရရှိသော ကျေးရွာတစ်ရွာတိုးသောနေ့ဟုလည်း ဆိုရပေမည်။

ထိုနေ့က အခမ်းအနားမစမီ မိမိတို့အဖွဲ့သည် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ အမှုဆောင်ကိုအကြိုင်း(ခ)ကိုအောင်ကျော်၏ PRADOကားကြီးဖြင့်ကွမ်းမိုးဒိန်းကျေးရွာသို့ ဦးစွာရောက်ရှိခဲ့သည်။ ခရမ်း-ကွမ်းမိုးဒိန်းလမ်းသည် မိမိ ခရမ်း၌ရှိစဉ်က လယ်ကန်သင်းရိုးမျှသာဖြစ်ပြီး လူတစ်ယောက် စက်ဘီးတစ်စီးသွားရရုံသာလမ်းကလေးဖြစ်သော်လည်း ယခုအခါတွင်မူ နွေရာမိုးပါ ကားနှစ်စီးရှောင်၍ရသော မြေသားလမ်းကျယ်ကြီး ဖြစ်နေပေပြီ။ ထို့အပြင် လမ်းဘေးတစ်ဖက်၌ လျှပ်စစ်ကွန်ကရစ်ဓာတ်တိုင်များအား အစီအရီစိုက်ထူထားသည်ကိုတွေ့ရသဖြင့် ယခင်က ကွမ်းမိုးဒိန်းရွာကလေးမှဟုတ်ပါလေစ့ဟု ထင်မိပြီး ခရမ်းသို့ ပြန်မရောက်တာ ကြာပြီဖြစ်၍ မျက်စိလည်ခဲ့ရသည်။

ကားတစ်အောင့်လောက်မောင်းအပြီး **"ကွမ်းမိုးဒိန်းစံပြကျေးရွာ"** ဆိုသည့် ဆိုင်းဘုတ်တွေ့မှ တကယ် ကွမ်းမိုးဒိန်းရွာပါလားဟု စိတ်ကတထစ်ချ ယုံမိသွားသည်။ ရွာအဝင်တွင် သွပ်မိုး၊ ပျဉ်ကာတို့ဖြင့် ကျေးရွာတန်ဖိုးနည်းအိမ်ရာများ၊ ထိုအိမ်များ၏ဝဲယာမှ စိမ်းနေသော လယ်ကွင်းပြင်များ အိမ်ရှေ့ပန်းခင်းတို့မှ ပွင့်နေသော ရောင်စုံပန်းများ၊ ပြီးတော့ ရွာအဝင်လမ်းနံဘေး တစ်လျှောက်မှ လက်ပြကြိုဆိုနေကြသော ရွာသူရွာသားတို့၏ အပြုံးမျက်နှာများ စသည့်… စသည်တို့ဖြင့် ကွမ်းမိုးဒိန်းစံပြကျေးရွာကလေးသည် အလှတရားတို့ဖြင့် သစ်လွင်လျက်ရှိသည်။

ထိုနေ့ နံနက်၉နာရီ မင်္ဂလာအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက **"ကွမ်းမိုးဒိန်းရွာမီးလင်းပြီ"** ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)က ထရန်စဖော်မာမှ ဓာတ်အားခလုတ်ကိုနှိပ်၍ ကျေးရွာအတွက် လျှပ်စစ်ဓာတ်အားကို ပို့လွှတ်ပေးလိုက်ရာ အခမ်းအနားကို တက်ရောက်အားပေးကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ကျေးရွာသူ ကျေးရွာသားများ၏ လက်ခုပ်သံတို့သည် ဘဝင်တိုင် ညံသွားခဲ့သည်။

အဆိုပါ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ မီးလင်းရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်ဓာတ်အားပေးရေးအဖွဲ့က ၁၁ကေဗွီ ဓာတ်အား ကြိုးလိုင်း ပေ၆၀၀၀နှင့် ၃၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ပံ့ပိုးကူညီမှုပေးပြီး ကျေးရွာလူထုက ကွန်ကရစ်ဓာတ်တိုင်များနှင့် ဗို့အား ၄၀၀ဓာတ်ကြိုး ပေ၁၀၀၀၀၊ လုပ်အားခအပါအဝင် ငွေကျပ်သိန်း၄၀၀ အကုန်အကျခံသွယ်တန်းခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုတစ်ဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်း အနက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များလည်း ပါဝင်သည်။ နိုင်ငံတော်မှ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများဘဝ မြင့်မားတိုးတက်ရေး ဆောင်ရွက်နေပုံ အဖုံဖုံကို သတင်းစာဆရာတစ်ဦးအဖြစ် နိုင်ငံ တစ်နံတစ်လျား အစွန်အဖျားအထိ သွားရောက်လေ့လာခွင့်ရခဲ့သည်။ ခရမ်းမြို့နယ်တွင် ကျေးရွာချင်းဆက် မြို့ကိုတက်ဆိုသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လမ်းသစ်များဖြစ်သည့် ခရမ်း-ပုဂံတောင်လမ်း၊ ခရမ်း-ဒေးပေါက်လမ်း၊ ကွမ်းမိုးဒိန်း-ခရမ်းလမ်း၊ တမံကြီး-ခရမ်းလမ်း၊ ဘုရားပျို- ခရမ်းလမ်း၊ ခရမ်းမြောက်ခြမ်း ကျေးရွာများအတွက် ခမတ်ရွာအနီးမှ မြို့နယ်နှင့် ဆက်ထားသည့် ခမတ်မှသည် ကမာမတ်ကျေးရွာလမ်းတို့အထိ ဖြစ်ပေသည်။

ထို့အပြင် ကျေးရွာမီးလင်းရေး၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကူညီမှုဖြင့် ကမာမတ်ကျေးရွာတွင် စိုက်ပျိုးရေးအခြေခံ ဘေးထွက်ပစ္စည်းများအား ဇီဝလောင်စာအဖြစ် အသုံးပြုပြီး ကျေးရွာတွင် ဓာတ်အားများထုတ်လုပ်၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ဆက်သွယ်ရေးကဏ္ဍ၌ ကျေးရွာများတွင် အိတ်ချိန်းစနစ်ဖြင့် တယ်လီဖုန်းများ အသုံးပြုနိုင်သလို ပြည်တွင်း၊ပြည်ပ ဆက်သွယ်နိုင်သည့် **CDMA (Mobile)** တယ်လီဖုန်းများ သုံးစွဲခွင့်ရနေပြီဟု သတင်းစကား ကြားသိခဲ့ရသည်။

သို့ဖြစ်ပေရာ ရန်ကုန်တိုင်း ခရမ်းမြို့သည် ခေတ်နှင့်အညီ ပြည်ထောင်စု၏ အခြားဒေသများကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့ဟု ဆိုရပေတော့မည်။ ။

(မြန်မာ့အလင်း)

ခရမ်းမြို့နယ်တွင် ကျေးရွာချင်းဆက် မြို့ကိုတက်ဆိုသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် အညီ လမ်းသစ်များဖြစ်သည့် ခရမ်း-ပုဂံတောင်လမ်း၊ ခရမ်း-ဒေးပေါက်လမ်း၊ ကွမ်းမိုးဒိန်း-ခရမ်းလမ်း၊ တမံကြီး-ခရမ်းလမ်း၊ ဘုရားပျို-ခရမ်းလမ်း၊ ခရမ်းမြောက်ခြမ်း ကျေးရွာများအတွက် ခမတ်ရွာအနီးမှ မြို့နယ်နှင့် ဆက်ထားသည့် ခမတ်မှသည် ကမာမတ်ကျေးရွာလမ်းတို့အထိ ဖြစ်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)က ကွမ်းမိုးဒိန်းစံပြကျေးရွာအတွက် လျှပ်စစ် ဓာတ်အားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျေးလက်နှင့်မြို့ပြကွာဟမှုမရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိ

ရေမြေသယံဇာတ၊ ရာသီဥတုသင့်တင့်ကောင်းမွန်၍ စိုက်ပျိုးရေးလုပ်ငန်းကြီးပမ်းလုပ်ကိုင်

နေပြည်တော် ဩဂုတ် ၂၀

မကွေးတိုင်း ကံမမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ဩဂုတ်၁၇ရက် နံနက်၇နာရီခွဲက မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မဒေးရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး (အကြံပေး)ဦးအေးသိန်းက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က မိုးရာသီကာလတွင် ဆည်ရေကို စနစ်တကျထိန်းသိမ်း၍ နွေကာလ၌ ဆည်ရေသောက်ဧရိယာများကို ရေအပြည့်အဝပေး စိုက်ပျိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဆည်ရေသိုလှောင်ထားရှိမှု၊ ကျန်ရှိနေသေးသော ရေပိုလွှဲလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု၊ မဒေးရေလှောင်တမံမှတစ်ဆင့် အထက်မီးပေါက်ကျေးရွာ မီးလင်းရေးအတွက် ၅ကီလိုဝပ်ရှိ ရေအား လျှပ်စစ်ထုတ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

မဒေးရေလှောင်တမံသည် မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီး အနောက်ဘက် ၃၁သမ၅ မိုင်အကွာရှိ ကြို့ပင်ရွာအနီးတွင် တည်ဆောက်ထားပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဖွင့်လှစ်ခဲ့သည်။

တမံအမြင့် ၁၅၅ပေ၊ ပင်မတမံအလျား ပေ၁၉၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး အကျိုးပြုဧက ၄၀၀၀ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ကံမမြို့နယ် စီသာကျေးရွာအုပ်စုရှိ တောင်သူဦးဖိုးထောင်၏ ကွင်းအမှတ်၈၉၃၌ မနောသုခမျိုးစပါးများအား မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး စက်ယန္တရားကြီးများဖြင့် မဒေးရေလှောင်တမံ တူးမြောင်းမကြီး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မိုးစပါးထွန်ယက်စိုက်ပျိုး

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မင်းတုန်းမြို့နယ် မဲဇလီကျေးရွာရှိ တောင်သူဦးအုန်းမောင်၏ ကွင်းအမှတ် ၃၅၂၌ မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လမ်းဘေးဝဲယာရှိ မြေလွတ်မြေရိုင်းများတွင် လယ်မြေများဖော်ထုတ်၍ စိုက်ပျိုးကြရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို တောင်သူများကိုယ်တိုင် တစ်အုပ်တစ်မ စိုက်ပျိုးကြပြီး လယ်ယာသုံးစက်ကိရိယာများနှင့် ကျေးရွာသုံးမီးစက်များတွင် ဇီဝလောင်စာဆီအဖြစ် အသုံးပြုကြရေး၊ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

တံတားဆည်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မင်းတုန်းမြို့ရှိ တံတားဆည်သို့ရောက်ရှိပြီး ဆည်ရေသိုလှောင်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဆည်ရေသောက်ဧရိယာကို ကြည့်ရှုစစ်ဆေးသည်။ တံတားဆည်သည် အလျားပေ၅၃၀၊ အမြင့် ၃၃ ဒသမ ၅ ပေရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး အကျိုးပြုဧရိယာမှာ ၄၁၄ ဧကဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် အဖွဲ့ဝင်များလိုက်ပါလျက် မင်းတုန်းမြို့ မင်းတုန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျေးလက်နှင့်မြို့ပြ ဆူကြဲနိမ့်မြင့်ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် စီမံဆောင်ရွက်ပေးလျက်ရှိရာ မင်းတုန်းမြို့သည်လည်း ပုသိမ်-မုံရွာလမ်းမကြီးကို အမှီပြု၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာပြီဖြစ်ကြောင်း၊ ရေမြေသယံဇာတ၊ ရာသီဥတုလည်း သင့်တင့်ကောင်းမွန်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုကြိုးပမ်းလုပ်ကိုင်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းသာယာရေးအတွက်လည်း ဒေသခံများကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာများကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီကြိုးပမ်းကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မင်းတုန်းမြို့ ပြောင်းပြာကျေးရွာအုပ်စုရှိ ငလှိုင်စန်းကွင်း၌ မနောသုခမျိုးစပါးများ စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မင်းလှမြို့နယ် ကန်တုတ်ကျေးရွာရှိ ယုဇနကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်းသို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင် ဧက၂၀၀စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ငဖဲမြို့နယ် ပန်းထိန်းမြို့ဟောင်းကျေးရွာရှိ ၁၀၃သမ၃၉ ဧကရှိ ဒေသခံတောင်သူများ၏ မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကောက်ကွက်ပြည့်မီရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အားပေးစကားပြောကြား

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ငဖဲမြို့၏ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငဖဲမြို့နယ်ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ အမျိုးသားလူနာဆောင်၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင်

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်၁၉ရက် ညနေ၃နာရီက အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ကြသည်။

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က ရန်ကုန်အနောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေခဲ့ကြသော ရွှေတံဆိပ် ၁၅ဆုရှင် ဖိုးသကြ်န်နှင့်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆု

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်က အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်နှင့်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော လသာမြို့နယ်အား ဆုချီးမြှင့်ရာ လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ခံယူသည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နေပြည်တော် ဩဂုတ် ၂၀

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှု (၂၀၀၃ ခုနှစ်မှ ၂၀၀၈ခုနှစ် ဩဂုတ်လပထမပတ်အထိ)**

(က) **တိရစ္ဆာန်သို့ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှု။**
အာရှ၊ အာဖရိက၊ ဥရောပဒေသနိုင်ငံ ၆၁နိုင်ငံတွင် ကူးစက်ဖြစ်ပွားခဲ့ပြီး ကြက်၊ ဘဲ၊ ငှက် စုစုပေါင်းကောင်ရေ သန်း၂၆၀သေဆုံး သုတ်သင်ဖျက်ဆီးခဲ့ကာ အမေရိကန်ဒေါ်လာ ၁၁ဘီလီယံခန့် ငွေကြေးဆုံးရှုံးမှုရှိခဲ့ပါကြောင်း။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှု။**
အာရှ၊ အာဖရိက၊ ဥရောပဒေသနိုင်ငံ ၁၄နိုင်ငံတွင် လူသို့၃၈၅ဦး ကူးစက်ခဲ့ပြီး ၂၄၃ဦး သေဆုံးခဲ့ပါကြောင်း။

၂။ **မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေး H_5N_1 ရောဂါ ကူးစက်ဖြစ်ပွားမှု (၂၀၀၈ခုနှစ် ဩဂုတ်လ ပထမပတ်အထိ)**

(က) **မြန်မာနိုင်ငံ။** ၂၀၀၆ ခုနှစ်အတွင်း ပထမအကြိမ် စစ်ကိုင်း၊ မန္တလေးတိုင်းတို့၌ လည်းကောင်း၊ ၂၀၀၇ခုနှစ်အတွင်း ဒုတိယအကြိမ် ရန်ကုန်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့၌ လည်းကောင်း၊ တတိယအကြိမ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌လည်းကောင်း ဖြစ်ပွားခဲ့ပြီး ၂၀-၄-၂၀၀၈ ရက် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါကြောင်း။

(ခ) **အိမ်နီးချင်းနိုင်ငံများ။** အိမ်နီးချင်းနိုင်ငံအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါပြောက်ကျား(sporadic) ဖြစ်ပွားလျက်ရှိပြီး အချို့နိုင်ငံတွင် ဖြစ်ပွားမှု အကြိမ်ရေများပြားကြောင်း (Increasing Frequency)၊ အချို့နိုင်ငံတွင် ကျယ်ပြန့်စွာ ပျံ့နှံ့ကူးစက်ခဲ့ကြောင်း (Wide Spread)။

၃။ **အာရှဒေသနိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကူးစက်ဖြစ်ပွားမှုအပေါ် ခြုံငုံသုံးသပ်ချက်**

အာရှဒေသဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ကြက်ငှက်တုပ်ကွေးရောဂါကျွမ်းကျင်သူ အတိုင်ပင်ခံများ၏ စူးစမ်းလေ့လာချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်ရရှိပါကြောင်း-

(က) **နိုင်ငံများအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ နယ်စပ်ဖြတ်ကျော်ကူးစက်မှုလမ်းကြောင်း-**

(၁) နယ်စပ်ဖြတ်ကျော် ကြက်၊ဘဲအရှင်များ၊ ကြက်၊ဘဲသားပေါက်များနှင့် ကြက်ငှက်အရှင် ရောင်းဝယ်မှုစနစ်။
(၂) ရောဂါကူးစက်ထားသော ကြက်သား၊ ဘဲသားနှင့်ဥများ။
(၃) တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ကြက်၊ဘဲနှင့် ကြက်၊ဘဲထွက်ပစ္စည်းရောင်းဝယ်သယ်ဆောင်ရာတွင် အသုံးပြုသော လုပ်ငန်းအသုံးအဆောင်များ၊ ကြက်ဥဗန်းများ၊ တရားမဝင်ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးများ၊ သယ်ဆောင်သူများ။
(၄) ဆောင်းခိုငှက်များ၊ ငှက်ရိုင်းများ၊ (ကျီး၊ စာကလေး၊ ခို)နှင့် တရားမဝင်တင်သွင်းသော နိုင်ငံပြင်ပငှက်များ။
(၅) နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်၊ဘဲသားပေါက်များ၊ ဥတုံးကြက်၊ ဘဲ/ ပယ် ကြက်၊ဘဲများသည် ကျန်းမာသော အသွင်လက္ခဏာဖြင့် ရောဂါပိုးကူးစက်ဖြန့်ဖြူးမှု အခွင့်အလမ်းဖြစ်ပေါ်စေနိုင်ကြောင်း။

(ခ) **ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ခိုအောင်းပွားများကူးစက်မှု**

(၁) **ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပွားများနိုင်သည့်နေရာ (Multiplication)။** ကြက်၊ဘဲအရှင်ဈေးများ (**Live Bird Market**)များသည် ဇီဝလုံခြုံမှု ကောင်းမွန်ခြင်းမရှိပါက ဗိုင်းရပ်စ်ပွားများနိုင်သည့် အခွင့်အလမ်းများပြားပါကြောင်း။
(၂) **ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ခိုအောင်းနိုင်သည့် တိရစ္ဆာန်(Reservoir)။** ဇီဝလုံခြုံမှုအတားအဆီး အကန့်အသတ်မထားရှိသော လွှတ်ကျောင်းဘဲ၊ လွှတ်ကွင်းဘဲများသည် ဗိုင်းရပ်စ်ခိုအောင်းသယ်ဆောင်သည့် တိရစ္ဆာန်များ ဖြစ်လာနိုင်ပါကြောင်း။
(၃) **ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်လွယ်ကူသောတိရစ္ဆာန်(Sensitive and Susceptible)။**
ငုံးများသည် ရောဂါမြန်ဆန်လွယ်ကူစွာ ကူးစက်နိုင်ပြီး ရောဂါဖြစ်ပွားလွယ်သော တိရစ္ဆာန်ဖြစ်ပါကြောင်း။

၄။ **ဇီဝလုံခြုံရေး အစီအမံ**

(က) နယ်စပ်ဖြတ်ကျော် ကြက်၊ဘဲသားပေါက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ကြက်ထွက်ပစ္စည်းများ တရားမဝင်နယ်စပ်မှ ဝင်ရောက်ခြင်းမရှိရေး၊ လက်ခံခြင်းမပြုရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ တိရစ္ဆာန်ကျန်းမာရေးသတိဖြင့် ကာကွယ်တားဆီးခြင်း။
(ခ) ကြက်၊ ဘဲ၊ ငန်း၊ မန်ဒါလီ တိရစ္ဆာန်အမျိုးအစားအလိုက် သီးသန့်စီမွေးမြူခြင်း၊ ခွဲခြားသယ်ယူပို့ဆောင်ခြင်း၊ သီးခြားစီရောင်းချခြင်း၊ ကြက်၊ဘဲအရှင်ဈေးများဇီဝလုံခြုံရေး မြှင့်တင်ခြင်း၊ ဈေးနားရက်များ သတ်မှတ်ထားရှိ၍ လုပ်ငန်းခွင်သန့်ရှင်းရေး၊ ပိုးသန့်စင်ရေးဆောင်ရွက်ခြင်း။
(ဂ) ပြည်နယ်/တိုင်းအလိုက် ဒေသအတွင်းတွင်သာ မျိုးဘဲသားဖောက်ခြင်း၊ ဘဲသားပေါက်များ ဖြန့်ဖြူးရောင်းဝယ်မွေးမြူသည့် စနစ်ကျင့်သုံးခြင်း၊ ဘဲခြံများ ခြံလှောင်စနစ်ဖြင့် မွေးမြူ၍ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း၊ မျိုးဘဲခြံများတွင် ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း၊ ဘဲဥများသယ်ပို့ရောင်းချရာတွင် ဘဲဥသယ်ဗန်းများ၊ သေတ္တာများ၊ ပိုးသန့်စင်ခြင်း။
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးဇုန်များ သီးခြားထားရှိခြင်း၊ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း။
(င) ကြက်၊ ဘဲဦးရေ ထူထပ်သည့်ဒေသများအား ရောဂါအန္တရာယ်ဖြစ်ပွားနိုင်သည့်နေရာသတ်မှတ်၍ ရောဂါစူးစမ်းရှာဖွေခြင်း၊ ဇီဝလုံခြုံရေးမြှင့်တင်ခြင်း။

၅။ **တိရစ္ဆာန်ကျန်းမာရေးသတိ**

ကြက်၊ဘဲမွေးမြူ ထုတ်လုပ် သယ်ယူရောင်းချသူ မွေးမြူရေးလုပ်ငန်းရှင်များသည် ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ ဇီဝလုံခြုံမှုမြှင့်တင်ရေး၊ တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအပါအဝင် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီပါဝင်ဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအုပ်စု ကျွန်းသာယာကျေးရွာသစ်တွင် အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများအား စနစ်တကျ နေရာချထားပေးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အမြန်ပြုပြင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်မှု အစဉ်ကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများက လမ်းများကို အမြဲမပြတ် ကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုရှိက အမြန်ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့၏ စည်ပင်ဖွံ့ဖြိုးမှုအခြေအနေများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်နေသည့်အရှည်၅၂မိုင်ရှိ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ကွင်းပေါက်-ပြင်စလူ ကားလမ်းဖောက်လုပ်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ရောက်ရှိကြရာ နယ်မြေတာဝန်ခံ ဗိုလ်မှူးအောင်မင်း၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒိုင်းမွန်းမာကျူရီကုမ္ပဏီက လှူဒါန်းပြီး တာဝန်ယူတည်ဆောက်ပေးသည့် အိမ်ရာများတည်ဆောက်ပြီးစီးမှုနှင့် အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှု၊ ရွာတွင်းလမ်းများဖောက်လုပ်ပေးထားမှုအခြေအနေ၊ ကျေးရွာဆေးခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေနှင့် ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အင်တိုက်အားတိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာကြက်ခြေနီတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးပြီး ကြက်ခြေနီအသင်းသည် လူမှုရေးအသင်းဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ရေး မှာကြားသည်။

ပိုမိုကြိုးစား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိမ်ရာများတွင်နေထိုင်လျက်ရှိသည့် အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး နေအိမ်ဝင်းအတွင်း သစ်ပင်များစိုက်ပျိုးကြရန်၊ စိုက်ပျိုးပြီးသီးနှံပင်များ ရှင်သန်ဖြစ်ထွန်းရေးဆောင်ရွက်ကြရန်၊ မိမိတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ယာယီကျောင်းဆောင်များ၌ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသားဦးရေနှင့် သင်ကြား၊ စီမံကိစ္စရပ်များကို မေးမြန်းသည်။

ပုံမှန်ရောင်းဝယ်

ဆက်လက်၍ စက်ဆန်းကျေးရွာတွင် ပုံမှန်ဈေးရောင်းဈေးဝယ်များဖြင့် စည်ပင်နေမှု၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ် စီမံဆောင်ရွက်ပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအုပ်စု ရွှေစာရံကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ယာယီစာသင်ဆောင်အတွင်း ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ကျေးရွာအတွင်း ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာအုပ်စု ကျွန်းသာယာကျေးရွာသစ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက ကြိုဆိုကြသည်။

နေရာချထား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းသာယာကျေးရွာသစ်အတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက လှူဒါန်းပြီး ဒဂုန်အင်တာနေရှင်နယ် လီမိတက်က တာဝန်ယူတည်ဆောက်သည့် အိမ်ရာများဆောက်လုပ်ပြီးစီးမှု၊ အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများအား စနစ်တကျ နေရာချထားပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြိုးစားလုပ်ကိုင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ယခင်ကထက် ဆတက်ထမ်းပိုးတိုး၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ရေး၊ ကျေးရွာသန့်ရှင်းသာယာလှပစေရေးအတွက် အရိပ်ရပင်နှင့် နှစ်ရှည်ပင်များစိုက်ပျိုးရေး၊ အိမ်ဝင်းအတွင်း စိုက်ပျိုးထားသည့် သီးနှံပင်များ ရှင်သန်ဖြစ်ထွန်းရေးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကျေးရွာအတွင်း ဖွင့်လှစ်ထားရှိသည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဆပ်ကော်မတီ၏ ဆေးခန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆောက်လုပ်ပြီးစီးသွားသည့် အခြေခံပညာမူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဘိုကလေးမြို့ ကွပ်ကဲရေးရုံး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိုးစပါးများစိုက်ပျိုးပြီးစီးမှုနှင့် မျိုးစပါးများဖြန့်ဝေပေးမှု၊ ရေငန်တားတမံများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုတို့ကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ဖြန့်ဝေပေးမှု အခြေအနေကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ဧရာဝတီတိုင်း အတွင်းရှိ လမ်းများ၏အခြေအနေနှင့် ပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဝန်ကြီးချုပ်က လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမှုနှင့်အတူ နယ်မြေဒေသအသီးသီးရှိလမ်းများ အစဉ်ကောင်းမွန်စေရေးကိုပါ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့မှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ချင်းတွင်းနှင့် စစ်တောင်း မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဟုမ္မလင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် စင်တီမီတာ၃၀(တစ်ပေခန့်)၊ မော်လိုက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာနှင့် ကလေးဝမြို့တွင် စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာသို့ အသီးသီး ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းလာမည်ဟု ခန့်မှန်းရသည်။

စစ်တောင်းမြစ်

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၄စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၆၀၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၁၄ရက်က ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအနီး မြေကွက်လပ်၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းအား ပျိုးပင်များ ပေးအပ်စဉ်။ (၀၀၇)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၈ရက်က ပဲခူးတိုင်း ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းရှိ ပင်မရေလွှဲလုပ်ငန်းကိုစစ်ဆေးပြီး ပင်မရေပိုလွှဲကွန်ကရစ်လုပ်ငန်း၏ အရည်အသွေးထိန်းသိမ်းရန်နှင့် ပြီးစီးရမည့်ကာလတို့ကို သတ်မှတ်ရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ရေယူအဆောက်အအုံနှင့် ဖိအားမြင့် သံမဏိပိုက်လိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို စစ်ဆေးရာ လုပ်ငန်းတစ်ခုချင်း၏ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်း မှာကြားသည်။

ဂရုစိုက်ဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မြစ်ရေလွှဲခြင်းလုပ်ငန်း၏ Out Fall Channel မှ မြစ်ရေလွှဲထားမှုကြောင့် ရေစီးထွက်နေမှု၊ ပတ်ဝန်းကျင် အနေအထားနှင့် ဓာတ်အားပေးစက်ရုံ မြေကြီးကျောက်သား တူးဖော်မှုတို့ကို စစ်ဆေးပြီး ဆောင်ရွက်ရမည့် နေရာနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်မှု လုပ်ငန်းများ ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တမံပြီးစီးမှု အခြေအနေ၊ ရေဝင်ရောက်မှု အခြေအနေများကို လက်ဝဲဘက်ကမ်းရှုရပ်မှလည်းကောင်း၊ တမံပေါ်မှလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြစ်ရေဝင်ရောက်မှုနှင့် တမံထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်တို့ကို တည်ဆောက်ရေး ညွှန်ကြားရေးမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားသည်။

ပြီးစီးနေ

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင်အား ၇၅ မဂ္ဂါဝပ်ရှိမည့် စီမံကိန်းဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၆၂ ဒသမ ၅၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သည့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာသို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် ဩဂုတ် ၂၀

နာဂစ်မုန်တိုင်းဒဏ် ခံရသူများအတွက် အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့ (ASEAN Humanitarian Task Force)၏ ဆုံးဖြတ်ချက်အရ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ဦးဆောင်ပြီး ကျေးလက်ကိုအခြေခံသော ဆောလျင်စွာ ပြန်လည်ထူထောင်ရေးအစီအမံ (Community Based Early Recovery Project)ကို အကောင်အထည်ဖော်လျက်ရှိသည်။

ကွင်းဆင်းလေ့လာ

အဆိုပါအစီအမံအရ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်ပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အာဆီယံအဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Bansarn Bunnag၊ အာဆီယံအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် Dr.Anish Kumar Roy၊ ကုလသမဂ္ဂကိုယ်စားလှယ်များဖြစ်သည့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel Baker၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၏ ဌာနေကိုယ်စားလှယ် Mr. Ramesh Sherestha၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ Ms.Victoriya Talishkhanova၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးမှ အကြီးအကဲ Mr. Thierry Delbreuve နှင့် အဖွဲ့ဝင် ၂၀ ပါဝင်သော အဖွဲ့သည် ယနေ့နံနက် ၈နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးအနောက် ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်ကို အခြေခံသော ဆောလျင်စွာ ပြန်လည်ထူထောင်ရေး အစီအမံ၏ ပထမအဆင့် လုပ်ငန်းအခြေအနေများကို ကွင်းဆင်းလေ့လာရန် သွားရောက်ခဲ့ကြသည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆိပ်ကြီးကျေးရွာကို စံနမူနာပြ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုနိုင်ရန် ပထမအဆင့် အနေဖြင့် လုပ်ငန်း(၄)ရပ်ဖြစ်သော သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ သောက်သုံးရေတွင်း ရေကန်များ ဆယ်တင်မှုနှင့် သန့်ရှင်းရေးဖြည့်ဆည်းပေးခြင်းလုပ်ငန်း၊ ကွမ်းခြံစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်သားများအတွက် လှေနှင့် ငါးဖမ်းပိုက်များ ထောက်ပံ့ပေးခြင်းလုပ်ငန်းတို့ကို အချိန်ကာလ သုံးလသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပေးအပ်လှူဒါန်း

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ဆိပ်ကြီးကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းပြင်ဆင်မွမ်းမံမှု အခြေအနေများကို ကြည့်ရှုကြပြီး ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာနှင့်အားကစားပစ္စည်းများ၊ ကျောင်းသား ကျောင်းသူများအတွက် အာဟာရတိုက်ကျွေးရန် အစားအသောက်နှင့် နို့ဘူးများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆိပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် စေတီတော်နှင့် သာသနိကအဆောက်အအုံအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှု၍ လိုအပ်သည်များကို စီစဉ်မှာကြားကာ ဆိပ်ကြီးကျေးရွာ မိသားစုများအတွက် စောင်၊ ခြင်ထောင်၊ ဆပ်ပြာနှင့် ရေသိုလှောင်ပုံးများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကွမ်းခြံစိုက်ပျိုးမှုလုပ်ငန်းအခြေအနေနှင့် ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာရှိ ရေတွင်း ရေကန်များအား သန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ရေလုပ်သားများအတွက် လှေများ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျွန်းချောင်းကျေးရွာ၊ ညောင်ပိုင်းကျေးရွာနှင့် မြတ်လေးရုံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းထိုင် ဆရာတော်နှင့် ကျေးရွာလူကြီးများအား တွေ့ဆုံကာ မုန်တိုင်းအတွင်း ပျက်စီးခဲ့မှုအခြေအနေများနှင့် ပတ်သက်ပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အနေဖြင့် လိုအပ်သကဲ့သို့ ဆက်လက် ကူညီပံ့ပိုးပေးသွားမည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းချောင်းကျေးရွာရှိ မူလတန်းကျောင်းနှင့် ညောင်ပိုင်းကျေးရွာရှိ တော်ခရမ်းကြီး အလယ်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

တွေ့ဆုံ

ယင်းနောက် မိဘမဲ့ ကလေးငယ် ၁၇ဦးတို့အတွက် ကူညီထောက်ပံ့ငွေများနှင့် အင်္ကျီများကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ဆိပ်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်နှင့် ရွာသူ ရွာသားများအား တွေ့ဆုံပြီး ဆိပ်ကြီးကျေးရွာကို စံပြကျေးရွာအဖြစ် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆိပ်ကြီးကျေးရွာမှ ပြန်လည်ထွက်ခွာကြရာ ညနေ ၃နာရီ ၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝံသပါလ ပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတော် ဩဝါဒါစရိယ မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာ မဟာဝိဟာရ ပရိယတ္တိစာသင်တိုက်ကျောင်း ဆရာတော် သက်တော်(၉၃)နှစ် သိက္ခာတော် (၇၂)ဝါရှိ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝံသပါလ မဟာထေရ်သည် (၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) ဩဂုတ် ၁၈ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် သီတင်းသုံးရာ ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၈ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲတွင် ပထမရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် လာအိုကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ ပါဝင်သော အဖွဲ့အား ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Lao National Chamber of Commerce and Industry မှ ဥက္ကဋ္ဌ Mr. Kissana VONGXAY ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးကိစ္စ၊ သစ်အခြေခံကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်စေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၀

၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၈ရက်၊ ဩဂုတ် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မွန်ပရိယတ္တိကျောင်း ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရက ဥပုသ်သီလပေး တရားတော်များကို လည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကျောင်း ပဓာန နာယက အဖျောက်ဆရာတော် ဘဒ္ဒန္တဇနကနှင့် ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူကြမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၈-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ **ပျော်ရွှင်ကျန်းမာ သန့်စင်သော အစာ** ဆုပန်ထွာ၊ ပွင့်၊ ငွမ်းပုံကြီး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ အဆိုပြိုင်ပွဲ
- ၈:၅၀ ၁၀။ ဆိပ်ကျွန်းရေထိန်းတံခါး

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ အကပဒေသာ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၀ ၇။ **ကျွမ်းတိုင်း မကြမ်းနဲ့** လှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
- ၅:၁၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၉။ အကပြိုင်ပွဲ
- ၅:၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ရွှေမျက်ပါး(ခေါ်) ရွှေဆိုင်းလုပ်ငန်း
- ၆:၅၀ ၁၅။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၁)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၂၁)
- ၂၁။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဖိလစ်ပိုင်မြောက်ပိုင်းဒေသ၌ မြေပြို လေးဦးသေဆုံး၊ နေအိမ်အချို့ ပျက်စီးခဲ့

မနီလာ ဩဂုတ် ၂၀

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းဒေသတွင် ဩဂုတ် ၂၀ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦး သေဆုံးပြီး လူအချို့ ဒဏ်ရာရရှိကာ နေအိမ်အချို့လည်း ပျက်စီးခဲ့သည်။ **(ယာပုံ)** မြေပြိုမှု ဖြစ်ပွားသည့် နေရာမှာ ကာဂါယန်ပြည်နယ် အရှေ့ဘက် ဘန်ရူးမြို့အနီး ကျေးရွာတစ်ရွာ၌ ဖြစ်သည်။ မြေပြိုမှုမှာ လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ဖြစ်ကြောင်း သိရသည်။

လူအချို့ဒဏ်ရာရ

ထို့အပြင် အီတိုဂန်မြို့ မြောက်ပိုင်းတွင် ဩဂုတ် ၂၀ရက် နံနက်က မုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ နေအိမ်အချို့ ပျက်စီးပြီး လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသား သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

အမေရိကန် ဘူချန်ကမ်းရိုးတန်းဒေသ တောင်စောင်းမှ မြေများပြိုကျ

ဘူချန် ဩဂုတ် ၂၀

အမေရိကန်နိုင်ငံ ဘူချန်ကမ်းရိုးတန်းဒေသ၌ ဩဂုတ် ၂၀ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း အမေရိကန် သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ပြိုကျ

မြေပြိုမှုဖြစ်ပွားသည့် နေရာမှာ အဘာဒင်းရှိုင်းယားကျေးရွာ၌ဖြစ်ပြီး တောင်စောင်းမှမြေကြီးများ ပြိုကျခဲ့ခြင်းဖြစ်သည်။ ထိုသို့မြေပြိုရာတွင် မြေကြီးများအပါအဝင် ကျောက်တုံးများပါ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နေအိမ်များမှာလည်း တောင်စောင်းတွင် တည်ဆောက်ထားရာ မကြာမီရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ရကြောင်း အမေရိကန် သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

တရုတ်အရှေ့တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

ပေကျင်း ဩဂုတ် ၂၀

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ဩဂုတ် ၂၀ရက် နံနက်က နူရီအမည်ရှိ မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါနူရီမုန်တိုင်းသည် ကွမ်တုန်ပြည်နယ် ရှန်ဇီမြို့ကို ဖြတ်သန်းတိုက်ခတ်ရာ နေအိမ်အချို့ပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ရေလွှမ်း

နူရီမုန်တိုင်းကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး သုံးဦး သေဆုံးကာ တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ မော်တော်ကားလမ်းများ ရေလွှမ်းနေသဖြင့် သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။

နေ့အိပ်မက်များ ထင်ရှားဖြစ်ပြီ

ဒေါက်တာလွင်ကို

ဆရာမြင့်ဦး ရေးလိုက်သောစာကိုဖတ်ရ၍ ဝမ်းသာကြည်နူးဖြစ်မိပါသည်။ ဆရာခင်ဗျား အောင်မင်္ဂလာခန်းမ (မိတ္ထီလာ)၌ ဆရာပြောခဲ့သောစကားများကို ကျွန်တော်မမေ့နိုင်ပါ။ ဒီ တီဘီရောဂါ အမြစ်ပြတ်ဖို့ To cut the change of transmition ရောဂါကူးစက်မှုလမ်းကြောင်းကိုဖြတ်ဖို့ ဒီတော့ **"တွေ့အောင်ရှာ နိုင်အောင်တိုက်"** ဆိုတဲ့ စကားလိုပဲ ဝေဒနာရှင်ကိုဖော်ထုတ်၊ အထူးသဖြင့် သလိပ်ပိုးတွေ့ လူနာပေ့ါ။ ဒီလူနာကို မြန်မြန်ပျောက်အောင် ကုပေးလိုက်ရင် နောက်ထပ်ကူးစက်မှုလမ်း ပြတ်သွားမှာပဲတဲ့။

နောက်တစ်ခု ကျွန်တော်မှတ်မိသေးတယ်။ Tuberculosis Impact အကြောင်း။ ဂေါက်သီးသမားရိုက်တာ Impact ကောင်းရင်၊ မှန်ရင် အားသိပ်မစိုက်ရဘဲ ပိုပြီးထိရောက်တဲ့အကြောင်း ဂေါက်သီးဘောလုံးဝေးဝေးပြေးတာနဲ့ ယှဉ်ပြောသွားတာလေ။ တီဘီ Impact ဆိုတာ (1)case finding လူနာသစ်ရှာဖွေခြင်း၊ (2) case Registration ရှာဖွေထားသူလူနာများကို ဆေးပေးရန် မှတ်ပုံတင်ခြင်း (ဆေးပေးခြင်း)၊ (3)cure rate ဆေးပေးသောအခါတွင်လည်း အချိန်/ရက် မှန်မှန်သတ်မှတ်ကာလပြီးမြောက်အောင် ဆေးသောက်ခြင်းနှင့် ဆေးမဖြတ်မီ သလိပ်နှစ်ကြိမ် စစ်သောအခါ ပိုးမတွေ့ခြင်း၊ (4)Drug Efficacy ကောင်းမွန်သောဆေးဝါးများ၊ မှန်ကန်သော အတွဲအလိုက် သောက်သုံးခြင်းတို့အပေါ်မှာ မူတည်ပါတယ်တဲ့။ ဒီလေးချက်မှာ တစ်မှတ်ကလေးမှ (၈၀ %) အောက်ကျဖို့မဖြစ်ပါဘူးတဲ့။ ဆရာရေးပြသွားတဲ့ ဇယားလေးကို ကျွန်တော်မှတ်မိနေပါသေးတယ်။

TB Impact (အဆုတ်ရောဂါ တိုက်ဖျက်ရေး အကျိုးသက်ရောက်မှု)

	Case finding	Case Registration	Cure Rate	Drug Efficacy	TB Impact
1.	80%	80%	80%	80%	40.96
2.	70%	90%	70%	90%	39.69
3.	60%	100%	60%	100%	36

ဆရာပြောသွားတာ ကြက်သီးထစရာတစ်ခုရှိပါသေးတယ်။ TB Impact(40) မရှိရင် အဲဒီနိုင်ငံရဲ့ NTP= National Tuberculosis Program ဟာ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး။ ပိုပိုပြီး အခြေအနေဆိုးဖို့ပဲရှိတယ်လို့ ဆရာ ဂျပန်မှာ သင်တန်းတက်တုန်းက ပါမောက္ခ အိရှိဂါဝါက ပြောတယ်တဲ့။ TB Impact(40) မရှိရင် အဲဒီနိုင်ငံမှာရှိတဲ့ NTP က ဝန်ထမ်းတွေ ဘာမှမလုပ်ဘဲအိပ်နေ အချိန်တန်လစာထုတ်တာကမှ အဲဒီနိုင်ငံရဲ့ အဆုတ်ရောဂါရဲ့ကပ်ဆိုးက သက်သာလိမ့်ဦးမယ် ဆိုပါတယ်။

ဆရာရေးပြထားတဲ့ ဇယားကိုကြည့်ရင် ကျွန်တော်လုပ်ရမည့်အလုပ်။ သုံးရမည့်ဆေးရဲ့ စွမ်းအားတွေကို (၈၀ %)အောက် နည်းနည်းမှ လျှော့လို့ မရဘူးဆိုတာ သိသာလှပါတယ်။ အထူးသဖြင့် Case finding (လူနာသစ်ရှာပြီး) Cure rate ပြည့်ပြည့်ဝဝပျောက်အောင် ကုသပေးတာဟာ အရေးအကြီးဆုံးဆိုတာ ထင်ရှားပါတယ်။ တွေ့အောင်ရှာ နိုင်အောင်တိုက်ဆိုတာ အမှန်ပါပဲ။

ကြည့်လေ၊ Cure rate (70%) ကျသွားတာနဲ့ TB Impact က(၄၀)မပြည့်တော့ဘူး။ Case finding (60%)။ Cure rate ကလည်း (60%) ကျသွားခဲ့ရင် အခြားဘက်ကကြိုးပမ်းမှု ရာနှုန်းပြည့်ရင်တောင်မှ TB Impact က (၃၆) ရှိတော့တယ်။ အဲဒီလိုဆို NTP က ဝန်ထမ်းတွေ ဘာမှမလုပ်ဘဲ လခထုတ်ချိန်မှ လာထုတ်တာက၊ တီဘီကပ်ဆိုးကြီး သက်သာလိမ့်ဦးမယ်ဆိုတဲ့ သဘောပါပဲ။ အထူးသဖြင့်တော့ (Case finding) လူနာသစ်ဖော်ထုတ်ရေးက ဆေး ပြည့်ပြည့်စုံစုံပေးနိုင်မှ၊ နိုင်နိုင်နင်းနင်း ကြီးကြပ်နိုင်မှ ဖော်ထုတ်တာ ကောင်းတဲ့အကြောင်း၊ ဒီလိုမှမဟုတ်ရင် ဆေးယဉ်ပါးမှုတွေများပြီး ပိုအန္တရာယ်ကြီးကြောင်း အပြင် WHO က (Cure rate) ပျောက်ကင်းနှုန်း (85%) အနည်းဆုံးရှိဖို့ ဆော်ဩထားတယ်မို့လား။

အဲဒီတုန်းက ဆရာ ရင်ဖွင့်သွားခဲ့တယ်လေ။ ကျွန်တော့်ရဲ့ နေ့အိပ်မက် (day dream) က ကျွန်တော်သာ ဒီတစ်သက်စားမကုန်အောင် ဖြစ်ခဲ့ရင် ပိုတဲ့ငွေတွေနဲ့ TB လူနာတွေ ဆေးဝယ်မစားရအောင် (Free issue)အခမဲ့ ဝေပစ်မှာတဲ့၊ ဆရာ့အတွေးက ကလေးအတွေးပဲလို့ ကျွန်တော်ထင်ခဲ့တာ စိတ်မရှိပါနဲ့ဆရာ။ ကျွန်တော်လဲ ရင်ထဲမှာ ဝေဒနာတစ်ခု ခံစားလိုက်ရပါတယ်။ တီဘီလူနာတွေ ဆေးဝယ်စားရင်း မတတ်နိုင်တော့လို့ နေကောင်းလာပြီဆိုပြီး နှစ်လ သုံးလနဲ့ ဆေးဖြတ်လိုက်ကြတဲ့လူနာတွေ ကျွန်တော်သိနေတာကို။

အခုတော့ ဆရာရေ **ကျွန်တော်လည်း** (DOTS provider) **တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးအတွက် အခမဲ့ တီဘီဆေးပေးတဲ့ ပြင်ပဆေးခန်း ဖြစ်နေပါပြီ။ ဒါအတွက်လည်း ကျွန်တော်ဂုဏ်ယူနေပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်ဆေးခန်းက သလိပ်ပိုးတွေ့ လူနာသစ် ၆၀ ရှာထားပေးတယ် ဆရာ။ ဒီ ၆၀ စလုံးကို တီဘီရောဂါဆေး ပြည့်ပြည့်ဝဝကျွေးနိုင်၊ ပေးနိုင်ခဲ့ပါတယ်။ လူနာတစ်ယောက်အတွက် ဆေးဖိုးချည်းသက်သက် ငါးသောင်းခန့် ကုန်ကျမယ်ဆိုရင် ကျွန်တော့် လူနာ ၆၀ အတွက် သိန်း ၃၀ ဖိုး ပေးနိုင်ခဲ့တယ်ပေါ့။**

ကျွန်တော့်လို ချောက်ချီးချောက်ချက် ဆေးခန်းလေးက သုံးနှစ်ကျော်ကာလအတွင်း သိန်း ၃၀ဖိုး လူနာအတွက် ဆောင်ရွက်ပေးလှူနိုင်ခဲ့တာကို ကျွန်တော် ဂုဏ်ယူတာပါဆရာ။

(ဆရာမြင့်ဦး၏စာကို ဆက်မဖတ်နိုင်သေးပါ၊ သူ့အကြောင်းကို တွေးနေမိပါသည်။ ဆရာဝန် လုပ်သက် ၃၀ ခန့်ရှိပြီး ၁၅ နှစ်ခန့် ပြည်သူ့ဆေးရုံများတွင် ပေးအပ်ရာတာဝန်ကို မညည်းမညူလုပ်ဆောင်ခဲ့ရာ ယခု ပြင်ပဆေးခန်းဖွင့်နေသည်မှာ ၁၅ နှစ်ခန့်ရှိပါပြီ။ တိုက်နှင့်ကားနှင့်နေဖို့ဝေလာဝေး၊ စက်ဘီးလေးပင် မရှိပါ။ ရံဖန်ရံခါ မြွေကိုက်လူနာလာလျှင် ပြည်သူ့ဆေးရုံသို့ မြင်းလှည်းခအကုန်ခံ၍ လိုက်ပို့ပါသေးသည်။ ပြည်သူ့ဆေးရုံသို့ပို့လွှတ်သော သူကြည့်ခဲ့သည့် လူနာများကို (Referal letter) လွှဲပြောင်းစာ ကောင်းကောင်းရေးပေးပါသည်။ ထိုလူနာကို (Follow-up) ဘယ်လိုကုသလဲ လိုက်လေ့လာတတ်သူပင်။) အခုလည်း သူ့အတွက်တော့ သိန်း ၃၀၊ သူ့ရဲ့ (Medical Care)ဆေးပညာရှင်၏ စောင့်ရှောက်ပေးသည့်ဝန်ဆောင်မှုနှင့် စေတနာ၏တန်ဖိုးများမှာ နောက်ထပ် သိန်း ၃၀ ကျော်ပါလိမ့်ဦးမည်။)

စာဆက်ဖတ်ပါသည်-

ဆရာပြောခဲ့တာကို ဆရာမှတ်မိပ့ါမလား၊ အမှတ်တမဲ့ပြောလိုက်တာလား။ ကျွန်တော်တို့ကို အသိအမှတ်ပြုလို့ ကျွန်တော်ကတော့ မမေ့နိုင်ပါ။ GP ဆရာဝန်တွေမပါရင် အခု ကျွန်တော်တို့တိုက်နေတဲ့ " Battle against TB" တီဘီရောဂါတိုက်ဖျက်ရေး သေနင်္ဗျူဟာကြီးဟာ ဘယ်လိုမှမအောင်မြင်ဘူးလို့ ကျွန်တော်ရဲရဲကြီး ပြောရဲပါတယ်။ ဘာပြုလို့လဲဆိုတော့ မြို့တစ်မြို့မှာ In-service အစိုးရဝန်ထမ်း ဆရာဝန် ၁၀ ယောက်ရှိရင် GP ပြင်ပဆရာဝန်က ၃၀ခန့် ရှိလို့ပါပဲ။ ဒ့ါအပြင် (50%of TB new patients first meet with GP) 50% သော တီဘီလူနာသစ်များဟာ ပြင်ပဆရာဝန်ဆေးခန်းကို ပထမ စလာကြတာတဲ့။ သူတို့တစ်တွေ TB အန္တရာယ်အကြောင်း ခရေစေ့တွင်းကျသိမှ၊ DOTS ဆိုတာကို ယုံကြည်နားလည်ပါမှ၊ စိတ်ဝင်တစားရှိပါမှ၊ ပါဝင်ပူးပေါင်းကူညီပါမှ TB ရောဂါတိုက်ဖျက်ရေးကြီး အောင်မြင်မှာတဲ့။

ဝမ်းသာပါတယ်ဆရာ။ ဆရာမက်မက်နေတဲ့ နေ့အိပ်မက် အကောင်အထည်ဖော်နေပါပြီ။

(၁) လူနာတိုင်း ဆေးအခမဲ့ပေးနိုင်နေပါပြီ။

(၂) ကျွန်တော်တို့(GP) ပြင်ပဆေးခန်းဆရာဝန်တွေလဲ ပါဝင်ဆောင်ရွက်နေပါပြီ။

(၃) NTP ကို PSI, MMA စတဲ့ NGO အဖွဲ့အစည်းတွေက ကူညီပူးပေါင်းဆောင်ရွက်ပြီး DOTS နည်းဗျူဟာအတိုင်း ဆောင်ရွက်ကြလို့ စနစ်တကျဖြစ်ကာ အလှမ်းကျယ်အလယ်လပ် ဘဝမျိုး မဟုတ်တော့ပါဘူး။

ကျွန်တော့်ဆေးခန်းရဲ့ အတိုင်းအတာကိုလဲ ကြည့်လေ-

(၁) Cure rate (ပျောက်ကင်းသည်အထိဆေးပေးနိုင်မှု ၉၇%)

(၂) Case Registration (ဆေးပေးရမည့်လူနာများ စာရင်းသွင်းဆေးပေးနိုင်မှု ၁၀၀%)

(၃) Drug efficacy (ဆေးအာနိသင် DOTS ရဲ့ ပျောက်ကင်းနိုင်မှုစွမ်းအား ၉၅% လုပ်နိုင်နေတာမို့)

(၄) Passive case finding (ဆေးခန်းလာတဲ့ လူနာလောက်တင် ကုသမှုကို ၅၀% အထိ လျှော့ချတာတောင်) (TB Impact) အဆုတ်ရောဂါဆိုတဲ့ ဂေါက်သီးဘောလုံးလေးကို ဝေးဝေးလွင့်စဉ်ပြေးအောင် ရိုက်ပစ်နိုင်မှုစွမ်းအားက ၄၆ လောက်ရှိပါတယ်။

ဒီအခြေအနေကို အခြေခံထားပြီး (Case finding) လူနာသစ်ရှာဖွေမှုရာခိုင်နှုန်း တိုးတက်အောင်လုပ်လာနိုင်ရင် ၂၀၅၀ ပြည့်နှစ်လောက်မှာ TB ရောဂါကို ပိုလီယိုရောဂါလို မြန်မာ့မြေပေါ်မှာတောင် ကင်းစင်ပြီလို့ ကြေညာနိုင်လောက်ပါတယ် ဆရာ။

ဆရာ့ကို Request လုပ်ချင်တာက (MDR TB) ဆေးယဉ်ပါးရောဂါရှင်တွေအတွက် တိုင်းရင်းဆေးဘက်က အားဖြည့်ပေးပါ ဆရာ။

ဆရာမြင့်ဦး စာသည် ကျွန်တော်၏ စိတ်ကူးယဉ် နေ့အိပ်မက်များ တကယ်ဖြစ်နေကြောင်း ဖော်ပြနေပါသည်။ သူနေသော မြို့လောက်သာ မဟုတ်ဘဲ နိုင်ငံအနှံ့-

(၁) DOTS providers (တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးနှင့် တီဘီဆေး အခမဲ့ပေးသောဆေးခန်း များများရှိ၍ ပြည့်ပြည့်ဝဝပေးနိုင်ကြပါစေ။)

(၂) အမြို့မြို့အနယ်နယ်တွင် ထိုဆေးခန်းများ ဘယ်နားမှာရှိသလဲဆိုတာ တီဘီရောဂါသည်များရော ပြည်သူလူထုအများ သိရှိကြပါစေ။

(၃) သလိပ်စစ်သောအခါတွင်လည်း Faulse (+) များနှင့် Faulse (-) များ ကင်းဝေးပါစေ။

(၄) TB ဝေဒနာရှင်ရောဂါသည်များ အခြား လူမှုဒုက္ခကင်းဝေးပြီး ဆေးမှန်မှန်ထုတ်ယူ၍ ညွှန်ကြားချက်၊ အကြံပေးချက်များအတိုင်း စားသောက်နိုင်ပါစေ။

(၅) စောင့်ကြည့်၊ ကြီးကြပ်၊ တည့်မတ်ပေးသောအဖွဲ့များ တိကျမှန်ကန်စွာ ရှင်းရှင်းလင်းလင်း အကဲဖြတ်သတ်မှတ်နိုင်ပါစေဟု ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဆုတောင်းမိပါသည်။

သို့မှသာ ဒေါက်တာမြင့်ဦး ခန့်မှန်းသည့်အတိုင်း ("VIRTUAL ELIMINATION AT AD 2050=Incidence of spurtem smear AFB (+) one in 10 million population) ခရစ်နှစ် ၂၀၅၀ ပြည့်နှစ်တွင် တီဘီရောဂါပိုးကင်းစင်သော မြန်မာပြည်လို့ ကြေညာနိုင်မှာပါ။ ဒါတောင် လူ ၁၀ သန်းမှာ တီဘီရောဂါပိုး တစ်ယောက်တစ်လေလောက်တော့ တွေ့နိုင်ပေဦးမည်ဖြစ်ပါသည်။

MDR TB (ဆေးယဉ်ပါးပိုးများ) သတ်နိုင်ရန် တိုင်းရင်းဆေးပညာရှင်များနှင့် သုတေသနပညာရှင်များ ပူးပေါင်း၍ တီဘီရောဂါပိုးကို သတ်နိုင်သော တိုင်းရင်းဆေးဝါးကောင်းတစ်လက် ပေါ်ထွက်အောင် ဆောင်ရွက်နိုင်ကြပါစေဟုလည်း ဆုတောင်းနေမိပါသည်။ ။

ကျွန်တော်လည်း (DOTS provider) တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးအတွက် အခမဲ့ တီဘီဆေးပေးတဲ့ ပြင်ပဆေးခန်း ဖြစ်နေပါပြီ။ ဒါအတွက်လည်း ကျွန်တော် ဂုဏ်ယူနေပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ကျွန်တော့် ဆေးခန်းက သလိပ်ပိုးတွေ့ လူနာသစ် ၆၀ ရှာထားပေးတယ် ဆရာ။ ဒီ ၆၀ စလုံးကို တီဘီရောဂါ ဆေး ပြည့်ပြည့်ဝဝကျွေးနိုင်၊ ပေးနိုင်ခဲ့ပါတယ်။ လူနာတစ်ယောက်အတွက် ဆေးဖိုးချည်းသက်သက် ငါးသောင်းခန့် ကုန်ကျမယ်ဆိုရင် ကျွန်တော့် လူနာ ၆၀အတွက် သိန်း ၃၀ ဖိုး ပေးနိုင်ခဲ့တယ်ပေါ့။

ဆရာရေ၊ ကျွန်တော်တို့မြို့မှာ ကျွန်တော်အပါအဝင် (DOTS provider) တီဘီဆေး အခမဲ့ဖြန့်ဝေပေးတဲ့ (GP clinic) ၁၀ ခုတောင်ရှိပါတယ်။ ဒေါက်တာတင်စိန်၊ ဒေါက်တာခင်စိုး၊ ဒေါက်တာ စံအောင်၊ ဒေါက်တာခင်မောင်မြင့်၊ ဒေါက်တာစန္ဒာအောင်၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာဇော်လင်း၊ ဒေါက်တာမျိုးဆန်း၊ ဒေါက်တာတင်မာဌေးတို့ပေ့ါ။

ဆရာ့မိတ်ဆွေတွေပါပဲ။ ဆေးတွေကို PSI (Public Service International) ဆိုတဲ့ အပြည်ပြည်ဆိုင်ရာ လူထုဝန်ဆောင်မှုအဖွဲ့အစည်းက ကျွန်တော်တို့ကို NTP ကိုယ်စား ဆေးထုတ်ပေးတယ်၊ လူနာအရေအတွက်နဲ့ပေ့ါ။ နောက်ပြီး MMA ဆိုတဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ကလည်း ပူးပေါင်းပါဝင် Collaborate လုပ်ပါတယ်။ ဒီလို NTP (National TB Program) က ဦးဆောင်ပြီး NGO တွေရော၊ GP ဆရာတွေ တစ်ဦးချင်းစီပါ ပူးပေါင်းပါဝင်လှုပ်ရှားပြီး စနစ်တကျဆောင်ရွက်ကြတာမို့ (PPMD=Public Private Mix DOTS) လို့ခေါ်ကြပါတယ်။ PPMD ပေ့ါ ဆရာ။ ကျွန်တော်တို့ ၂၀၀၄ခုနှစ် ဇူလိုင်လလောက်ကတည်းက လုပ်လာကြတာ မြို့နယ်တစ်ခုလုံး ၁၃၀၀ လောက် တီဘီလူနာအသစ်ကို ဆေးပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်ဆေးခန်းကတင် ၆၀ ဆေးပေးပြီး (MDR TB) ဆေးယဉ်ပါးလူနာတစ်ယောက်နဲ့ (Defaulter) ပျက်ကွက်လူနာ တစ်ယောက်ပဲရှိပါတယ်။ Completion rate (97%) လောက်ရပါတယ်။

အဓိကကျသည့် စက်မှုလုပ်ငန်းများ တည်ရှိရာဒေသအလိုက် စက်မှုဇုန် ၁၈ဇုန်နှင့် စက်မှုဇုန်ခွဲ ၂၈ဇုန် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

စက်မှုကဏ္ဍ တိုးတက်ရေး အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ်(၁/၂၀၀၈)ကို ယမန်နေ့ နံနက်၁၀နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင်-

မြန်မာနိုင်ငံအနေဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတိုးတက်စေရန် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဓိကကျသည့် စက်မှုလုပ်ငန်းများ တည်ရှိရာဒေသအလိုက် စက်မှုဇုန်ကြီး ၁၈ဇုန်နှင့် စက်မှုဇုန်ခွဲ ၂၈ဇုန်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကျွမ်းကျင်သူ၊ နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးလျက်ရှိကြောင်း။

ထို့ပြင် မန္တလေး၊ မုံရွာနှင့် တောင်ကြီးအေးသာယာစက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံများနှင့် ရန်ကုန်မြို့၌ မိုနှင့်ဒိုင်ထုတ်လုပ်သည့် စက်ရုံများကို နိုင်ငံတော်က အားပေး ထူထောင်ပေးခဲ့ကြောင်း၊ စက်မှုဇုန်များ၏ထုတ်လုပ်မှုသည် ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၀၇-၂၀၀၈ခုနှစ်အထိ စုစုပေါင်း ငွေကျပ် ၃၆၉၂သန်းအထိ ထုတ်လုပ်ခဲ့သည်ကို တွေ့ရှိကြောင်း။

အားကြိုးမာန်တက်

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အံဝင်ခွင်ကျ ဖြစ်စေရန် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အကြီးစား စက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဖြစ်စေ၊ ဖက်စပ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်သွားကြရန်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်း၊ စက်မှုလုပ်ငန်းရှင်များအပိုင်းနှင့် သုတေသနပညာရှင်များအပိုင်း သုံးပိုင်းဖြင့် သုံးချောင်းထောက်စနစ်အသွင် အချိတ်အဆက်မိမိဖြင့် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်ပါက စက်မှုနိုင်ငံသို့ ရောက်ရှိမှာ ဖြစ်ကြောင်း၊ ထိုသို့ ထိထိရောက်ရောက် လက်တွေ့ကျကျ ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန်အတွက် ဆပ်ကော်မတီ ၁၀ခုကို ဖွဲ့စည်းပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် စီမံခဲ့ကြောင်း၊ အဆိုပါ ဆပ်ကော်မတီများအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် စိတ်ဝင်တစား အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က လယ်ယာသုံး စက်ပစ္စည်းကိရိယာထုတ်လုပ်မှု ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက လည်းကောင်း၊ စက်မှုလက်မှုသုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာဖြန့်ချိရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးကလည်းကောင်း၊ စက်မှုဥပဒေဆိုင်ရာရေးဆွဲရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်ညွှန့်ကလည်းကောင်း၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ကလည်းကောင်း၊ သံနှင့်သံမဏိထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီနှင့် ရော်ဘာနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်က လည်းကောင်း၊ စက်မှုလက်မှုဆိုင်ရာ သတင်းဖြန့်ချိရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ လူ့စွမ်းအားပြုစုပျိုးထောင်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို အလုပ်သမား ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်တင်ထွန်းအောင်က လည်းကောင်း၊ မော်တော်ယာဉ် ထုတ်လုပ်မှု ကြီးကြပ်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း မှာကြားသည်။ **(သတင်းစဉ်)**

မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ မြိတ်တွင် ကျင်းပ

မြိတ် ဩဂုတ် ၂၀

၂၀၀၈ခုနှစ် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြိတ်မြို့ ကန်ဖျားရပ် မြေနီလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမတွင် ယမန်နေ့ နံနက် ၉နာရီက ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အားပေးချီးမြှင့်သည်။

ဗိုလ်စွဲ

သုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြိတ်မြို့နယ်(က)အသင်းနှင့် ရေဖြူမြို့နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကြရာ မြိတ်မြို့နယ်(က)အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ တနင်္သာရီတိုင်း ပိုက်ကျော်ခြင်း ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာဦးမိုးကျော်စိုးက နှစ်ယောက်တွဲ ပြိုင်ပွဲတွင်ဒုတိယဆုရရှိသည့် မြိတ်မြို့နယ်(ခ)အသင်းအားလည်းကောင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးသာဒိုးက နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြိတ်မြို့နယ်(က)အသင်းအား လည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သုံးယောက်တွဲ ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရေဖြူမြို့နယ် (က)အသင်းအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီး မြင့်စိုးက လည်းကောင်း၊ ပထမဆုရရှိသည့် မြိတ်မြို့နယ်(က)အသင်းအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးသန်းဝင်းကလည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုဖလား

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြိတ်မြို့နယ်(က)အသင်းနှင့် သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြိတ်မြို့နယ်(က)အသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ဝ၄၃)

ဝန်ကြီးဦးအောင်သောင်းအား တရုတ်ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMC Engineering Co., Ltd. မှ General Manager, Mr.Jin Young Xue ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၁၈ရက် ညနေ၃နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)**မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း Float Glass မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်) တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စနှင့် သန်လျင်ဖန်ချက်စက်ရုံ၊ ပုလင်းမီးဖိုပြုပြင်ရေး၊ အိမ်သုံးဖန်ထည် ထုတ်လုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ သိရှိနားလည် လက်တွေ့နယ်ပယ်တွင် စနစ်တကျလိုက်နာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ရက်က မကွေးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မကွေးတိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ မကွေးနှင့် မင်းဘူးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအားတွေ့ဆုံရာ ရှေးဦးစွာတိုင်းဦးစီးဌာနမှူးဦးချိုထွန်းက မကွေးတိုင်းအတွင်း ခရိုင်နှင့် မြို့နယ်များ၏ လူဦးရေနှင့် အိမ်ထောင်စုများအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်သူအပေါ် ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရန်လည်းလိုကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်း မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးမြို့နယ်ဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဩဂုတ် ၁၈ရက်တွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူးရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြင်းခြံနှင့် ညောင်ဦးခရိုင်တို့မှ ခရိုင်နှင့် မြို့နယ် ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအားတွေ့ဆုံရာ ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ဦးစီးဌာနမှူး ဦးဇော်ဝင်းမြင့်က မြို့နယ်အတွင်းနိုင်ငံသား စိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အောက်ခြေအဆင့်အထိ သိရှိနားလည်ပြီး လုပ်ထုံး လုပ်နည်းများနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာကြည့်တိုက်ပညာဆင့်ပွား သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက်က မြို့နယ် စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး**(အောက်ပုံ)** မြို့နယ်ဦးစီးမှူး ဒေါ်လှမြေ့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းများမှ ဆရာမများ၊ ရပ်ကွက်စာရေးများနှင့် NGO အဖွဲ့အစည်းများ စုစုပေါင်း ၄၅ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အင်ဒိုနီးရှားသို့ထွက်ခွာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၀

၁၉၈၅ ခုနှစ်မှာ စတင်ပေါက်ဖွားလာတဲ့ အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကို ယခု(၉)ကြိမ်မြောက်အဖြစ် ကျင်းပတော့မှာ ဖြစ်ပါတယ်။ (၉)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဩဂုတ်၂၁ရက်မှ ၂၉ရက်အထိ ကျင်းပမှာဖြစ်ပြီး နိုင်ငံငါးနိုင်ငံက အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

ဝင်ရောက်ယှဉ်ပြိုင်

ယခုပြိုင်ပွဲကို အိမ်ရှင်အင်ဒိုနီးရှားက နှစ်သင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လစ်ဗျားနဲ့ ဘရူနိုင်းတို့က တစ်သင်းစီ ယှဉ်ပြိုင်ကြမှာပါ။ အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်ဟာ လာမယ့် အာဆီယံချန်ပီယံရှစ် ဆူဇူကီးဖလားပြိုင်ပွဲဝင်မယ့် လက်ရွေးစင်အသင်းနဲ့ (၂၅)ကြိမ်မြောက် လာအို အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မယ့် လူငယ်လက်ရွေးစင်အသင်းတို့ကို ပြိုင်ပွဲအကြို ပြင်ဆင်မှုရရှိစေရန်အတွက် ယင်းပြိုင်ပွဲကို ကျင်းပရတာဖြစ်တယ်လို့ သိရပါတယ်။ အခု ၂၀၀၈ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမှာဖြစ်ပြီး (က) အုပ်စုမှာ အင်ဒိုနီးရှား(ခ)အသင်း၊ ဘရူနိုင်းအသင်း၊ လစ်ဗျားအသင်း၊ (ခ) အုပ်စုမှာ အင်ဒိုနီးရှား(က)အသင်း၊ မြန်မာအသင်းနဲ့ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေကြပါတယ်။ အဲဒီပြိုင်ပွဲကို အရင်က အာဂျင်တီးနားကလပ်ရေးဗားပလိတ်အသင်းနဲ့ စပိန်ကလပ် ရေးဆင်းအသင်းတို့ ယှဉ်ပြိုင်ဖို့ရှိပေမယ့်

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ဩဂုတ် ၂၀ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

နောက်ပိုင်းမှာတော့ ပါဝင်လာခြင်း မရှိပါဘူး။ မြန်မာအသင်းကတော့ AFC Challenge Cup ဆီမီးဖိုင်နယ်ရောက် အသင်းကိုပဲအခြေခံပြီး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

စတင်ကျင်းပ

အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကို ၁၉၈၅ ခုနှစ်မှာ စတင်ကျင်းပခဲ့ပေမယ့် ကြားထဲမှာမကျင်းပသည့်နှစ် ရှိတာကြောင့် အခုအကြိမ်နဲ့မှ ကိုးကြိမ်သာ ရှိပါသေးတယ်။ ဒီပြိုင်ပွဲကို ဘရာဇီး၊ တရုတ်၊ ဩစတြေးလျ၊ ချီလီ၊ ကိုရီးယား၊ အီရတ် အစရှိတဲ့အသင်းတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး မြန်မာအသင်းကတော့ ၁၉၉၄ ခုနှစ်နဲ့ ၂၀၀၀ပြည့်နှစ်တို့မှာ နှစ်ကြိမ်တိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ၁၉၈၅ ခုနှစ်မှာ ကျင်းပတဲ့ ပထမအကြိမ်ပြိုင်ပွဲကို ချီလီ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနဲ့ အင်ဒိုနီးရှားက နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာ ချီလီက ကိုရီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရ ဗိုလ်စွဲခဲ့ပါတယ်။

ဒုတိယအကြိမ်

၁၉၈၆ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲကို ဘရာဇီး၊ ရိုမေးနီးယား၊ အယ်လ်ဂျာဇီးယား၊ စင်ကာပူ၊ မလေးရှားနဲ့ အင်ဒိုနီးရှားက နှစ်သင်း စုစုပေါင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာ အယ်လ်ဂျာဇီးယားအသင်းက အင်ဒိုနီးရှား(က)အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရဗိုလ်စွဲခဲ့ပြီး ဘရာဇီးအသင်းကတော့ တတိယရရှိခဲ့ပါတယ်။ ၁၉၈၇ ခုနှစ် တတိယအကြိမ် ပြိုင်ပွဲမှာတော့ အိမ်ရှင်အင်ဒိုနီးရှား(က) အသင်း ဗိုလ်စွဲခဲ့ပါတယ်။ ဗိုလ်လုပွဲမှာ ၁၉၈၆ ချန်ပီယံ အယ်လ်ဂျာဇီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရဗိုလ်စွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲကို အိမ်ရှင်အင်ဒိုနီးရှားက နှစ်သင်း၊ ကိုရီးယား၊ ထိုင်း၊ အယ်လ်ဂျာဇီးယားတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ် စတုတ္ထအကြိမ်ပြိုင်ပွဲမှာ တရုတ်၊ ဩစတြေးလျ၊ ထိုင်းနဲ့ အင်ဒိုနီးရှား နှစ်သင်း ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာ တရုတ်က ဩစတြေးလျကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရ ဗိုလ်စွဲသွားခဲ့ပါတယ်။ ၁၉၉၀ပြည့်နှစ် (၅)ကြိမ်မြောက် ပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင် ခြောက်သင်းရှိခဲ့ပြီး ဗိုလ်လုပွဲမှာ ဩစတြေးလျအသင်းက အင်ဒိုနီးရှား(က)အသင်းကို သုံးဂိုး- ဂိုးမရှိနဲ့ အနိုင်ရဗိုလ်စွဲသွားပါတယ်။ ၁၉၉၂ ခုနှစ် (၆)ကြိမ်မြောက်ပြိုင်ပွဲကို ကိုရီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားတို့ လေးသင်းဖြင့် ကျင်းပခဲ့ပြီး မလေးရှားအသင်းက ဗိုလ်စွဲသွားခဲ့ပါတယ်။ ဗိုလ်လုပွဲမှာ ကိုရီးယားနဲ့တွေ့ဆုံတာဖြစ်ပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာပါ။

(၇)ကြိမ်မြောက်

၁၉၉၄ခုနှစ် (၇)ကြိမ်မြောက် ပြိုင်ပွဲကို မြန်မာအသင်း ပထမဦးဆုံးအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ကျင်းပခဲ့ပြီး မြန်မာအသင်းဟာ အုပ်စု(ခ)မှာ ဩစတြေးလျ၊ ထိုင်း၊ အင်ဒိုနီးရှားတို့နဲ့ တစ်အုပ်စုတည်း ကျရောက်ခဲ့ပါတယ်။ မြန်မာအသင်းဟာ အိမ်ရှင်အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဩစတြေးလျကို လေးဂိုး-တစ်ဂိုးတို့နဲ့ ရှုံးနိမ့်ခဲ့ပြီး ထိုင်းအသင်းနဲ့ နှစ်ဂိုးစီသရေကျခဲ့ပါတယ်။ ထိုင်းနဲ့ပွဲမှာ ဂိုးတွေကို တင်မြင့်အောင် တစ်ဦးတည်းက သွင်းယူခဲ့ပြီး ဩစတြေးလျနဲ့ပွဲမှာ တစ်လုံးတည်းသော ချေပဂိုးကိုတော့ တိုက်စစ်မှူး ဝင်းအောင်က သွင်းယူခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် (၁၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ငွေတံဆိပ်ဆုရ အသင်းကိုအခြေခံပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မြန်မာအသင်းဟာ အုပ်စုအဆင့်နဲ့သာ ကျနပ်ခဲ့ရပြီး ထိုင်းအသင်းက ဗိုလ်စွဲသွားခဲ့ပါတယ်။

(၈)ကြိမ်မြောက်

(၇)ကြိမ်မြောက်ပြိုင်ပွဲအပြီးမှာ အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကို မကျင်းပဖြစ်တော့ဘဲ ၂၀၀၀ ပြည့်နှစ်ကျမှသာ ပြန်လည်ကျင်းပခဲ့ပါတယ်။ အဲဒီ(၈)ကြိမ်မြောက် ပြိုင်ပွဲမှာတော့ အိမ်ရှင် အင်ဒိုနီးရှား၊ မြန်မာ၊ အီရတ်နဲ့ တရုတ်(တိုင်ပေ)တို့ လေးသင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပတ်လည်စနစ်နဲ့ကျင်းပခဲ့ပါတယ်။ မြန်မာအသင်းဟာ ပွဲဦးထွက်မှာ အင်ဒိုနီးရှားကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး အောင်ကျော်မိုးက ချေပဂိုးတစ်ဂိုး သွင်းယူခဲ့ပါတယ်။ ဒုတိယပွဲမှာ အီရတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက်ဆုံးပွဲမှာ ဇော်ထိုက်သွင်းတဲ့ဂိုးနဲ့ တရုတ်(တိုင်ပေ)ကို တစ်ဂိုးစီသရေကျခဲ့ပါတယ်။ မြန်မာအသင်းဟာ တစ်မှတ်သာရပြီး အုပ်စုမတက်နိုင်ခဲ့ပါဘူး။ ပြိုင်ပွဲဝင်ခဲ့တဲ့ မြန်မာအသင်းမှာ မျိုးလှိုင်ဝင်း၊ သန်းတိုးအောင်၊ အောင်ခိုင်၊ မောင်မောင်ကြီး၊ ကျော်မင်း၊ ဇော်ထိုက်၊ မင်းသူ၊ စိုးမြတ်မင်း၊ သန်းဝေ၊ အောင်အောင်ဦး အစရှိတဲ့ကစားသမားတွေ ပါဝင်ခဲ့ကြပါတယ်။ ဗိုလ်လုပွဲမှာ အင်ဒိုနီးရှားက အီရတ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။

(၉)ကြိမ်မြောက်

ရှစ်နှစ်အကြာမှာ ပြန်လည်ကျင်းပတဲ့ (၉)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို မြန်မာအသင်းက သုံးကြိမ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မြန်မာအသင်းဟာ AFC Challenge Cup ပြိုင်ပွဲဝင်ခဲ့တဲ့အသင်းနဲ့ပဲ ယှဉ်ပြိုင်မှာဖြစ်ပြီး လူ၂၀နဲ့သွားရမှာဖြစ်လို့ ညီညီလွင် (ဂိုး)၊ ကျော်ဇေယျာဝင်းနဲ့ထွန်းမင်းဦးတို့ သုံးဦးမပါဝင်တော့ပါဘူး။ မြန်မာအသင်းဟာ AFC Challenge Cup ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ရောက်ရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ မြန်မာအသင်းဟာ ယခုနှစ်အတွင်းမှာ အရေးကြီးတဲ့နိုင်ငံတကာပြိုင်ပွဲနှစ်ခုကို ယှဉ်ပြိုင်ရန်ရှိနေသေးပြီး အဲဒါကတော့ အောက်တိုဘာလမှာ ကျင်းပမယ့် အကြိမ်(၄၀)မြောက် မာဒေးကားဖလားပြိုင်ပွဲနဲ့ ဒီဇင်ဘာလမှာကျင်းပမယ့် အာဆီယံချန်ပီယံရှစ် ဆူဇူကီးဖလားတို့ပဲဖြစ်ပါတယ်။ အခုပြိုင်ပွဲဝင်မယ့်အသင်းက လူ ၂၀ စာရင်းမှာ ၂၀၀၀ပြည့်နှစ်ပြိုင်ပွဲဝင်အသင်းက စိုးမြတ်မင်း၊ မင်းသူ၊ အောင်အောင်ဦး(ဂိုး)နဲ့ အောင်ကျော်မိုးတို့ လေးဦး ပြန်ပါလာတာကို တွေ့ရပါတယ်။

အတွေ့အကြုံရ

သုံးသင်း နှစ်အုပ်စုခွဲပြီး ကျင်းပမယ့် အခုပြိုင်ပွဲမှာ တစ်အုပ်စုစီက နှစ်သင်းစီ အကြိုဗိုလ်လုပွဲကို တက်ရောက်မှာဖြစ်တာကြောင့် မြန်မာအသင်းအနေနဲ့ အုပ်စုအဆင့်ကို အေးဆေးစွာကျော်ဖြတ်နိုင်မယ့် အနေအထားမှာရှိနေပါတယ်။ မြန်မာအသင်းအနေနဲ့ အင်ဒိုနီးရှား လက်ရွေးစင်အသင်းတို့ရဲ့ခြေစွမ်းဟာ သူမသာကိုယ်မသာ အနေအထားမှာ ရှိနေပါတယ်။ AFC Challenge Cup ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ် ရောက်ခဲ့ပေမယ့် ဗိုလ်လုပွဲနဲ့ဝေးခဲ့ရသလို၊ တတိယလုပွဲမှာလည်း ရှုံးနိမ့်ခဲ့ပြန်တာကြောင့် အဲဒီပြိုင်ပွဲက ရှုံးနိမ့်မှုကို အခုပြိုင်ပွဲမှာ ပေါက်ကွဲပြမလားဆိုတာ စောင့်ကြည့်ရမှာပဲဖြစ်ပါတယ်။ နည်းပြချုပ် မားကိုစ်ဖလော်ပါ အနေနဲ့ အခုပြိုင်ပွဲမှာ အောင်ပွဲတွေ ရယူမှာလား၊ ဒါမှမဟုတ် မာဒေးကားပြိုင်ပွဲနဲ့ အာဆီယံပြိုင်ပွဲတွေအတွက်ပဲ အတွေ့အကြုံရှာမလား ဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။

မြန်မာ့လက်ရွေးစင်

ပြိုင်ပွဲဝင်ဖို့ မြန်မာ့လက်ရွေးစင်အသင်းဟာ ဩဂုတ် ၂၀ရက်မှာ လေကြောင်းခရီးနဲ့ ထွက်ခွာသွားပြီဖြစ်ပါတယ်။ မြန်မာအသင်းမှာ အုပ်ချုပ်သူအဖြစ် ဦးကျော်ဆန်းဦး(အား/ကာ)၊ နည်းပြချုပ်အဖြစ် မားကိုစ်ဖလော်ပါ၊ လက်ထောက်နည်းပြများအဖြစ် ဦးဉာဏ်ဝင်းနဲ့ ဦးမျိုးချစ်၊ သူနာပြုအဖြစ် ဦးညွန့်လင်း၊ အားကစားသမားများအဖြစ် **ဂိုး**-အောင်အောင်ဦး၊ကျော်ဇင်ထက်၊ **နောက်တန်း**-မင်းသူ၊ဟန်ဝင်းအောင်၊ မိုးဝင်း၊ အေးဆန်း၊ဧွေးအောင်၊ သူရအောင်၊ ခင်မောင်လွင်၊ **အလယ်တန်း**-ရာဇာဝင်းသိန်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ဇော်ထက်အောင်၊ အောင်မျိုးသန့်၊ စိုးသီဟအောင်၊ မျိုးမင်းထွန်း၊ပိုင်စိုး၊ **ရှေ့တန်း**-ရန်ပိုင်၊ စိုးမြတ်မင်းနဲ့စည်သူဝင်းတို့ ပါဝင်ကြပါတယ်။ ။

ပြိုင်ပွဲ အုပ်စုနှင့်ပွဲစဉ်ဇယား

(က)အုပ်စု	(ခ)အုပ်စု
အင်ဒိုနီးရှားလူငယ်	အင်ဒိုနီးရှားလက်ရွေးစင်
ဘရူနိုင်း	မြန်မာ
လစ်ဗျား	ကမ္ဘောဒီးယား

၂၁-၈-၂၀၀၈	အင်ဒိုနီးရှားလူငယ်	- ဘရူနိုင်း
။	အင်ဒိုနီးရှားလက်ရွေးစင်	- ကမ္ဘောဒီးယား
၂၂-၈-၂၀၀၈	အင်ဒိုနီးရှားလူငယ်	- လစ်ဗျား
။	ကမ္ဘောဒီးယား	- မြန်မာ
၂၅-၈-၂၀၀၈	ဘရူနိုင်း	- လစ်ဗျား
။	မြန်မာ	- အင်ဒိုနီးရှားလက်ရွေးစင်
၂၇-၈-၂၀၀၈	အကြိုဗိုလ်လုပွဲ	
၂၉-၈-၂၀၀၈	တတိယလုပွဲ၊ ဗိုလ်လုပွဲ	

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**'သေမင်းကို ရင်ဆိုင်ပြုံးနိုင်မယ့်တရား'** တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့….အမေးအဖြေများ
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၀-၂း၅၀	Activities in the City [ဆော်ဒီအာရေဗျနိုင်ငံ ကွန်တိန်နာ၁၀၁စီးစာ လှူဒါန်းပွဲအခမ်းအနား]
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	နယည်ဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း)
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	ရည်စူးဖူးမြော် ကမ္ဘာ့ဝိပဿနာစေတီတော်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်းနာ မပုံ့နှင့်တွေ့ဆုံခြင်း)
၁၁း၁၅-၅း၁၅	ခြင်အန္တရာယ်
၁၁း၂၀-၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏အဘိဓမ္မာ(၇)ကျမ်း၊ အာဂမ+သဘာဝစာပြန်ပွဲ
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	Diploma Guide (ELECTRONIC ENGINEERING DIPLOMA အကြောင်းသိကောင်းစရာ)
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၂း၃၅-၆း၃၅	လေ့လာမှတ်သားစရာ တိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ (အပ်စိုက်၊ ကြပ်ထုပ်၊ ပဉ္စကမ္မကုထုံး)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4 (Live)

သန့်ရှင်းသော သောက်သုံးရေရရှိရေး မိုင်းဖြတ်၌ဆောင်ရွက်

မိုင်းဖြတ် ဩဂုတ် ၂၀

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ခုနှစ် မြို့ရေပေးရေးလုပ်ငန်းတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဂါလန် ၆၅၀၀ဆံ့ အနေးသဲရေစစ်ကန် တည်ဆောက်မှု လုပ်ငန်းကို ဇူလိုင် ၃၁ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ မြို့ပြဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဂန့်ဂေါစည်ပင်သာယာ ရေပေးဝေရေးဆောင်ရွက်

ဂန့်ဂေါ ဩဂုတ် ၂၀

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့သည် ဩဂုတ် ၁၅ရက်က ဂန့်ဂေါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လမ်းတံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းဝင်းတို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

(၁၂)ရက်မြောက်အဖြစ် ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ဆင်နွှဲ
နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်အားကစားသမားများ ရွှေတံဆိပ်များဆွတ်ခူး

ဆင်ဟွာသတင်းများကို အခြေခံ၍ မောင်မောင်မြင့်ဆွေ ကိုးကားရေးသားသည်။

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၂၀

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ၁၂ ရက်မြောက်နေ့အဖြစ် ဆက်လက်ဆင်နွှဲလျက်ရှိရာ နိုင်ငံအသီးသီးမှ အားကစား မောင်မယ်များ နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြရေး အပြိုင်အဆိုင်ယှဉ်ပြိုင်လျက်ရှိသည်။ ဩဂုတ် ၂၀ရက်က ယှဉ်ပြိုင်ခဲ့သော အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် နိုင်ငံတကာမှ အားကစားမောင်မယ်အချို့ကို ဖော်ပြလိုက်ရပါသည်-

ရွက်လှေ

အမျိုးသားရွက်လှေပြိုင်ပွဲ တစ်ဦးချင်း ရွက်လှေပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ နယူးဇီလန်ရွက်လှေကစားသမား တွမ်အက်ရှလေက ၅၂ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ပြင်သစ်မှ ဂျူလီယန်ဘွန်တမ်စ်က ၅၃ မှတ်ဖြင့် ငွေတံဆိပ်ရရှိပြီး အစ္စရေးရွက်လှေကစားသမား ရှဟာဇူဘာရီက ကြေးတံဆိပ်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီးတစ်ဦးချင်းရွက်လှေပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ တရုတ်ရွက်လှေ အားကစားမယ် ယန်ကျင်းက ၃၉မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ အီတလီမှ အလက်ဇန္ဒြားဆန်စီနီက အမှတ် ၄၀ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဗြိတိသျှ ရွက်လှေမယ် ဘရွန်ရှောက ၄၅မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

တိုက်ကွမ်ဒို

အမျိုးသမီး တိုက်ကွမ်ဒို ၄၉ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဗင်နီဇွဲလားနှင့်အမေရိကန်တိုက်ကွမ်ဒိုမယ်တို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသမီး ကျွမ်းဘားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် အမေရိကန် ကျွမ်းဘားမယ် ဂျွမ်ဆင်၏ ပြိုင်ပွဲဝင်ဟန်။

ရေကူး

အမျိုးသမီး ၁၀ကီလိုမီတာ ရေကူးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရုရှားရေကူးမယ် လာရီဆာအိုင်ချန်ကိုက ၁ နာရီ ၅၉မိနစ် ၂၇ဒသမ ၇စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးရရှိသွားသည်။ ဗြိတိသျှ ရေကူးမယ် ကီရီအင်နီပါနီက ၁ နာရီ ၅၉ မိနစ် ၂၉ ဒသမ ၂၈စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိပြီး ဗြိတိသျှ ရေကူးမယ် ပက်တန်က ၁ နာရီ ၅၉ မိနစ် ၃၁ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

တရုတ် ရွက်လှေအားကစားမယ် ယန်ကျင်း ရွှေတံဆိပ်ရရှိပြီး ဤသို့ အောင်ပွဲ ခံခဲ့သည်။

ကျွမ်းဘား

အမျိုးသမီးကျွမ်းဘားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ အမေရိကန် ကျွမ်းဘားမယ် ဂျွမ်ဆင်က ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

တိုက်ကွမ်ဒို

အမျိုးသမီးတိုက်ကွမ်ဒို ၄၉ကီလိုတန်း ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဗင်နီဇွဲလားမှ ရီဗာရိုက အမေရိကန်မှ ချာလိုတီခရင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။ ထို့အတူ ထိုင်းတိုက်ကွမ်ဒိုမယ် ပူတောင်က ဗီယက်နမ်မှ သီနော့ထရပ်ကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ တရုတ်မှ ဂူကျင်ယုက ဆွီဒင်မှ ဟမ်နာဇက်ကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

စက်ဘီး

အမျိုးသား စက်ဘီးစီးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများကို ဆက်လက်ကျင်းပရာ အမေရိကန်မှ မိုက်ဒေး၊ နယူးဇီလန်မှ မက်ဝီလာစ်၊ အမေရိကန်မှ အင်ဒရတ်စ် ဂျီမိန်းနက်၊ နယ်သာလန်မှ ဗင်ဒါဗီဇင်၊ အီတလီမှ ပက်ချီ၊ ဩစတြေးလျမှ ကာမာကာဇီ၊ ပြင်သစ်မှ ရီဒတ်၊ ဗြိတိန်မှ ဖီလစ်တို့အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ ။

အမျိုးသမီး ၁၀ကီလိုမီတာ ရေကူး၌ ရွှေတံဆိပ်ရရှိခဲ့သည့် ရုရှားရေကူးမယ် အိုင်ချန်ကို၏ အပြုံးမျက်နှာ။

အမျိုးသားရွက်လှေပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် နယူးဇီလန်မှ တွမ်အက်ရှလေ၏ အောင်ပွဲခံအပြုံး။

ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား

ဩဂုတ် ၂၀ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၄၅	၁၄	၂၀	၇၉
၂	အမေရိကန်	၂၆	၂၇	၂၈	၈၁
၃	ဗြိတိန်	၁၆	၁၀	၁၁	၃၇
၄	ရုရှား	၁၃	၁၄	၁၈	၄၅
၅	ဩစတြေးလျ	၁၁	၁၂	၁၃	၃၆
၆	ဂျာမနီ	၁၁	၈	၉	၂၈
၇	တောင်ကိုရီးယား	၈	၁၀	၆	၂၄
၈	ဂျပန်	၈	၆	၉	၂၃
၉	အီတလီ	၆	၇	၇	၂၀
၁၀	ယူကရိန်း	၅	၅	၈	၁၈
၁၁	ပြင်သစ်	၄	၁၂	၁၄	၃၀
၁၂	နယ်သာလန်	၄	၅	၄	၁၃
၁၃	ဂျမေကာ	၄	၃	-	၇
၁၄	ရိုမေးနီးယား	၄	၁	၃	၈
၁၅	စပိန်	၃	၅	၂	၁၀
၁၆	ပိုလန်	၃	၄	၁	၈
၁၇	နယူးဇီလန်	၃	၁	၅	၉
၁၈	ဆလိုဗက်ကီးယား	၃	၁	-	၄
၁၉	ကနေဒါ	၂	၆	၅	၁၃
၂၀	ကင်ညာ	၂	၄	၂	၈
၂၁	ဘီလာရုစ်	၂	၃	၈	၁၃
၂၂	ချက်	၂	၃	-	၅
၂၃	ဒိန်းမတ်	၂	၁	၃	၆
၂၄	မြောက်ကိုရီးယား	၂	၁	၃	၆
၂၅	အီသီယိုးပီးယား	၂	၁	-	၃
၂၆	ဆွစ်ဇာလန်	၂	-	၃	၅
၂၇	ဂျော်ဂျီယာ	၂	-	၂	၄
၂၈	ကျူးဘား	၁	၆	၆	၁၃
၂၉	ကာဇက်စတန်	၁	၃	၄	၈
၃၀	ဇင်ဘာဘွေ	၁	၃	-	၄
၃၁	အဇာဘိုင်ဂျန်	၁	၂	၂	၅
၃၂	နော်ဝေ	၁	၂	၂	၅
၃၃	ဆလိုဗေးနီးယား	၁	၂	၂	၅
၃၄	တူရကီ	၁	၂	၁	၄
၃၅	ဘူလ်ဂေးရီးယား	၁	၁	၃	၅
၃၆	အင်ဒိုနီးရှား	၁	၁	၃	၅
၃၇	ဖင်လန်	၁	၁	၁	၃
၃၈	အက်စ်တိုးနီးယား	၁	၁	-	၂
၃၉	မွန်ဂိုလီးယား	၁	၁	-	၂
၄၀	ထိုင်း	၁	၁	-	၂
၄၁	ဘရာဇီး	၁	-	၅	၆
၄၂	အာဂျင်တီးနား	၁	-	၁	၂
၄၃	အိန္ဒိယ	၁	-	၁	၂
၄၄	မက္ကဆီကို	၁	-	၁	၂
၄၅	ဘာရိန်း	၁	-	-	၁
၄၆	ကင်မရွန်း	၁	-	-	၁
၄၇	ပနားမား	၁	-	-	၁
၄၈	တူနီးရှား	၁	-	-	၁

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ
နာဒယ်ထိပ်ဆုံးအဆင့်၌ ရပ်တည်ဖွယ်ရှိ

လန်ဒန် ဩဂုတ် ၂၀

စပိန်တင်းနစ်အကျော်အမော်ရာဖေးလ်နာဒယ်(**ယာပုံ**)သည် လာမည့်သီတင်းပတ်တွင် ကျင်းပမည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့်တစ် တင်းနစ်သမားအဖြစ် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ၎င်းသည် ၎င်း၏တင်းနစ်သမားဘဝတွင် ဂရင်းဆလမ်ပြိုင်ပွဲ၌ ပထမဦးဆုံး ထိပ်သီးတင်းနစ်သမားအဖြစ် ပါဝင်ယှဉ်ပြိုင်သူ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကပ်လိုက်နေ

ရော်ဂျာဖက်ဒဲယားနှင့် နိုဗက်ဇ်ဒီဂျိုကိုဗစ်သည် ရာဖေးလ်နာဒယ်၏နောက်မှ ကပ်လိုက်နေပြီး စကော့တလန်နိုင်ငံသား အန်ဒီမူရေးက ပဥ္စမနေရာတွင် ရပ်တည်နေသည်။ ယခင် ကမ္ဘာ့အဆင့်တစ် တင်းနစ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အယ်လ်လေတန်ဟီဝစ်သည် ဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ **(အင်တာနက်)**

ဂါနာနှင့် လိုကိုမိုးတစ်တိုက်စစ်မှူး ဒရာမာနီအား စတုတ်အသင်းက ခေါ်ယူရန် စီစဉ်နေ

လန်ဒန် ဩဂုတ် ၂၀

စတုတ်စီးတီးအသင်းသည် လိုကိုမိုးတစ် မော်စကိုမှ ဂါနာလက်ရွေးစင်တောင်ပံကစားသမား ဟာမီနူဒရာမာနီ(အောက်ပုံ)အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း ဘီဘီစီသတင်း၌ ဖော်ပြသည်။

ပြောကြား

ဒရာမာနီသည် အချိန်တိုအတွင်း လူသိများလာသူဖြစ်ပြီး မိမိတို့အနေဖြင့် အသင်း အောင်မြင်မှုရရှိရေးအတွက် ၎င်းကို ခေါ်ယူသင့်ကြောင်း၊ ဒရာမာနီသည် မိမိတို့ အသင်းတွင်မရှိသော သွက်လက်သည့် တောင်ပံကစားသမားဖြစ်ကြောင်း စတုတ်အသင်းလက်ထောက်နည်းပြဒါဗီကင့်ပ်က ဘီဘီစီသို့ ပြောကြားသည်။

အသက်(၂၂)နှစ်ရှိ ဒရာမာနီသည် တောင်ပံတွင် ကျွမ်းကျွမ်းကျင်ကျင်ကစားနိုင်သူဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂါနာအသင်းအတွက် ၂၇ပွဲ ကစားပေးခဲ့သည်။ (အင်တာနက်)

မာဆေးတိုက်စစ်မှူးဆစ်စီ ဆန်းဒါးလန်းသို့ရောက်ရှိရေးနီးစပ်လာ

လန်ဒန် ဩဂုတ် ၂၀

မာဆေးအသင်းက ယခင်လီဗာပူးတိုက်စစ်မှူးဟောင်းနှင့် ယခု ၎င်းတို့၏ကစားသမားဖြစ်သူ ဒီဂျီဘရီလ်ဆစ်စီ(**အောက်ယာပုံ**)အား ဆန်းဒါးလန်းအသင်းသို့ တစ်နှစ်အငှားချထားရန် မူအားဖြင့် စေ့စပ်ညှိနှိုင်းသဘောတူညီပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိုအပ်

ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းသည် နွေရာသီအတွက် ကစားသမားအများအပြား ခေါ်ယူစာချုပ်မှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း ပရီမီယာလိဂ်ရာသီ အဖွင့်ပွဲစဉ်တွင် ၎င်း၏အသင်းက လီဗာပူးအသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတွင်ကစားသမား ထပ်မံဖြည့်တင်းရန်လိုအပ်သည်ဟု ယူဆခဲ့သည်။

ဆစ်စီသည် လီဗာပူးသို့ ၂၀၀၄ခုနှစ်တွင် ရောက်ရှိခဲ့သည်။ သို့သော်လည်း ယင်းနှစ်ရာသီတွင်ဒဏ်ရာရရှိထားသောကြောင့် ၁၅ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ သူသည် မာဆေးအသင်းတွင်အငှားစာချုပ်ဖြင့် သွားရောက်ကစားပြီးနောက် ၂၀၀၇ခုနှစ်တွင် အမြဲတမ်းစာချုပ်ချုပ်ဆို ပြောင်းရွှေ့ခဲ့သည်။ **(အင်တာနက်)**

အင်္ဂလန်နှင့် ချယ်လ်ဆီးခံစစ်မှူး တယ်ရီအား အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ကာပယ်လိုတာဝန်ပေး

လန်ဒန် ဩဂုတ် ၂၀

အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုသည် အင်္ဂလန်အသင်း ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ရောက်ရှိရေးအတွက် ရွေးရှုလျက် အင်္ဂလန်လက်ရွေးစင်နှင့် ချယ်လ်ဆီးခံစစ်မှူးဂျွန်တယ်ရီအား အမြဲတမ်း အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးလိုက်ပြီဖြစ်သည်။

တစ်ခဲနက်ဂုဏ်ပြု

အသက်(၂၇)နှစ်ရှိ ဂျွန်တယ်ရီအား အသင်းခေါင်းဆောင်တာဝန်ပေးလျှင်ပေးချင်း ရီယိုဖာဒီနန်ကဲ့သို့ ရွေးချယ်ခံရမည့်စာရင်းတွင် ထိပ်ဆုံးမှပါဝင်သူ အရွေးချယ်ခံပြိုင်ဘက်များက တစ်ခဲနက်ဂုဏ်ပြုခဲ့ကြသည်။

မိမိအနေဖြင့် အသင်းခေါင်းဆောင်လက်ပတ်ကို ဒုတိယအကြိမ်အဖြစ် ဆင်မြန်းခွင့်ရသည့်အတွက် မိမိကိုယ်မိမိ တုန်လှုပ်ခဲ့ကြောင်း၊ ထို့အတူ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် စွမ်းစွမ်းတမံကြိုးစားကစားသွားမည်ဖြစ်ပြီး ယခုကဲ့သို့ အသင်းခေါင်းဆောင် တာဝန်ယူရသည့်အတွက် ဂုဏ်ယူ မိပါကြောင်း တယ်ရီက ဖွင့်ဟပြောကြားသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

မေတ္တာသည်သာ အေးချမ်းရာ

ရွှေဘိုသီရိမာလာ

ဝါခေါင်လသည် မုတ်သုံလေ တသွင်သွင်တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းချိန်ဖြစ်သလို ကျွန်မတို့ငယ်စဉ်က ကျောင်းလွှတ်ချိန်တွင် ဝါဆိုဝါခေါင် ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ် ဟူသော ကဗျာကို အော်ဟစ်ဆိုရင်း မြက်ခင်းစိမ်းစိမ်းပေါ်တွင် လျှံတက်နေသော ရေကြည်ကြည်လေးများထဲ တစွတ်စွတ်နှင့် နင်းလျှောက် ဆော့ကစားရင်း ကျောင်းမှအိမ်သို့ ပြန်လာချိန်လည်း ဖြစ်သည်။

ဝါခေါင်လတွင် ရေလျှံနေသည်ကိုမြင်လျှင် ကလေးများသည် အလွန်ပျော်လွှား ကစားချင်ကြပါသည်။ ထိုအချိန်တွင် စစ်ကိုင်းမြစ်ထဲ၌ ရေပြည့်လျှံနေ၍ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသော စာဆိုနှင့်အညီ ကမ်းများပြည့်လျှံနေသည်။

ဝါခေါင်လကို မြန်မာမှုအရ သိဟ်ရာသီခေါ်၍ စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ်ဖြစ်လေ၏။ ယှဉ်သော တာရာမှာ ဗျိုင်းတာရာဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်လေသည်။ ဝါခေါင်လသည် မြန်မာလတွင် တစ်ဆယ့်နှစ်လအနက် ပဉ္စမမြောက်လ ဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီးလများ၏ အမှတ်စဉ်ကို ရေတွက်လျှင် "ငါး" ကျသည်။ ထို့ကြောင့် ဤလသည် ရက်မစုံ သတ်သောလဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်၍ ရာသီပွဲတော်မှာ "**စာရေးတံမဲပွဲ**" ဖြစ်သည်။

မြန်မာတို့သည် မြန်မာ့ရိုးရာ ရာသီပွဲများ ကျင်းပလေ့ရှိသည်။ စာရေးတံမဲပွဲတော်သည် ဝါခေါင်လ၏ ရာသီပွဲတော် ဖြစ်သည်။ စာဆိုတော်ကြီး ဦးပြုံးချိုက ဝါခေါင်လဖွဲ့ လေးဆစ်သဖြန်တွင်- "လဆန်းရယ်တဲ့ ငွေဘုံဆောင်၊ ပြည့်ဝှန်းကြယ်သရဝဏ်နှင့် နယ်တစ်ဝန်းရှစ်ခွင်တိုင်းမှာ၊ မှိုင်းရီလို့မှောင်၊ ငွေတာရာ ကြယ်သိန္ဓဝငယ်တို့၊ ဝေဟာမှာ အရှိန်ပြပါတဲ့၊ ချိန်သမယ လဝါခေါင်မှာ၊ ငွေတောင်ပြည့်လွှမ်း၊ ခတ္တာငုံ၊ ချပ်လွှာမှုန်တကြူကြူနဲ့၊ ပြည်နိဗ္ဗူ၊ ပတ္တနာသန်လို့၊ စာရေးတံလှူတော်ပွဲကို နွှဲပျော်ဖို့လှမ်း" ဟူ၍ လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် စာဆိုတော်မယ်ခွေသည် ဝါခေါင်လဖွဲ့ အဲချင်းတွင်- "မြန်မာ့သင်းကျစ်၊ သတိုးစစ်တို့၊ လက်ရှစ်ကခြေ၊ အထွေထွေနှင့် ရွှေစာရေးတံ၊ အောင်ပွဲခံသည်" ဟူ၍ လည်းကောင်း၊ စာဆိုတော်လူဦးမင်းက "နိဗ္ဗာန်ငယ်မည်မှတ်၊ ပြည်များနတ်မှာ၊ မြတ်စာရေးတံ၊ ခြိမ့်ကြွေးညံလို့ သံဝါသနစ်၊ သားသုံးခေတ်တွင်" ဟူ၍ လည်းကောင်း စာရေးတံမဲပွဲနှင့် ပတ်သက်၍ ဖွဲ့ဆိုခဲ့ကြသည်။

စာရေးတံမဲပွဲနှင့်ပတ်သက်၍ "၆၃၀-၆၅၂-၆၅၃" နှစ်စွဲရှိသော ကျောက်စာတို့ ကျောဘက်မျက်နှာစာတွင် "စာရေး" ဟူသော စကားအပိုင်းအစကို တွေ့ရသည်။ ညောင်ရေသွန်း၊ သင်္ကြန်၊ မီးပုံးဟူသော စကားများနှင့် တွဲဖက်ပြီးတွေ့ရသည်။ "ညောင်ရေသွန်း၊ မီးပုံး၊ သင်္ကြန်၊ စာရိယ်" မပြတ်စိတ်လျှင်တည်ဟု ရေးထိုးထားကြောင်း သိရသည်။ ၎င်းအဓိပ္ပာယ်မှာ မီးပုံးပွဲတော်၊သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ စာရေးတံပွဲတော်ဟု ယူဆကြသည်။ စာရေးတံဟူသော မြန်မာစကားသည် "စာရေးသားသော အချောင်း အတံ" ဟူ၍ အဓိပ္ပာယ်ရသည်။

နံကာလဝါခေါင်လသည် လယ်လုပ် ထွန်ယက်စိုက်ပျိုးချိန်ဟု ဆရာကြီးဦးဖိုးလတ်က ဆိုပါသည် တကယ်တော့ ဝါခေါင်လသည် လယ်သမားတို့ စိုက်ချိန်၊ ပျိုးကြဲချိန်တို့ဖြစ်၍ လယ်သမားများ ချစ်သောလဟူ၍ ဆိုချင်ပါသည်။ မိုးသည်းထန်စွာ ရွာသောလမို့ လယ်သမားတို့အကျိုးရှိပါသည်။

အမှန်စင်စစ် စာရေးတံမဲအလှူသည် ဆွမ်းသာမက ရဟန်းအသုံးအဆောင်ထီး၊ ဖိနပ်၊သင်္ကန်းစသည်တို့လည်း ပါဝင်၍ ပုဂ္ဂိုလ်စုံမဟုတ်ဘဲ မဲကျရာ သံဃာတော်များအားမဲချလှူဒါန်းရခြင်းဖြစ်သဖြင့် အလှူရှင်တို့ နှစ်သက်မြတ်နိုးကြသည်ဟု အဆိုရှိကြပါသည်။

ဝါခေါင်လနှင့်ပတ်သက်၍ အချို့ စာဆိုများက "ဝါခေါင်တကြောင်း ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း" ဟူ၍ မိုးနည်းရပ်ဝန်းဒေသနေ တောင်သူလယ်သမားများအတွက် စပ်ဆိုခဲ့သည်။ ထနောင်းပင်၊ ကြောင်ကျစ်ပင်နှင့် ဆူးရစ်ခြုံပွင့်ပါက ဝါခေါင်လဖြစ်သည်။ ဝါခေါင်လဖြစ်ပါက မိုးခေါင်တတ်သည်။ ရွာဦးတော့ သည်းသည်းမည်းမည်း မရွာ၊ ဖွဲဖွဲသာရွာတတ်သည် ဟုဆိုပါသည်။

ဝါခေါင်လပြည့်သည် မေတ္တာအခါတော်နေ့ဟူ၍ ကျင်းပလေ့ရှိကြသည်။ ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းငါးရာတို့ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ် ပြုတော်မူကြပါတယ်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသည့် နတ်အချို့က အမျိုးမျိုး ခြောက်လှန့်ကြသောကြောင့် တရားကို ဖြောင့်အောင် နှလုံးမသွင်းနိုင်ဘဲ စိတ်ဓာတ်ချောက်ချားပြီး ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသွားခဲ့ကြသည်။မြတ်စွာဘုရားက မေတ္တာလက်နက်ကို ယူဆောင်ပြီး တောအုပ်သို့ ပြန်သွားကြရန် တိုက်တွန်း၍ မေတ္တသုတ် ဒေသနာကို ဟောကြားပေးလိုက်ပါသည်။ ရဟန်းတော်တို့၏ မေတ္တာဓာတ်ကြောင့် နတ်များက ချစ်ခင်လာကြပြီး ငြိမ်းချမ်းစွာ နေတော်မူကြရပါသည်။ ရဟန်းတော် ငါးရာတို့သည် ထိုတောအုပ်မှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြပြီး မေတ္တာတရားကို ပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါမကျွတ်မီ အားလုံး ရဟန္တာဖြစ်တော်မူကြပါသည်။

ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တသုတ်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်းနှင့် ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်းတို့ကို အကြောင်းပြု၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပကြခြင်းဖြစ်ပါသည်။ ဝါခေါင်လ စာရေးတံမဲ အလှူကား ထေရဝါဒဗုဒ္ဓဘာသာတို့၏ မွန်မြတ်သော ပွဲတော်မြတ်ဖြစ်ပါပေသည်။ ဝါခေါင်လပြည့် ညအချိန်တွင်သရဝဏ်နက္ခတ်နှင့် ငွေလမင်းတို့ ယှဉ်ပြိုင် ထွန်းလင်းကြ၏။ သို့အတွက် ထိုလကို သရဝဏ်လ၊ သို့မဟုတ် သာဝဏမာသဟု ခေါ်ကြသေး၏။

ပုဂံခေတ်က ဝါခေါင်လကို နံကာလဟု အရေးအသားမှတ်များသည်ကို တွေ့ရသည်။ နံကာလဆိုသည်မှာ နေမင်းသည် အတွင်းခရီးမှ အပြင်ခရီးသို့ ထွက်သောကာလဟူ၍လည်းကောင်း၊ လယ်လုပ်ချိန်လ၊ လယ်ထွန်စိုက်ပျိုးချိန်လဟူ၍ လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ စာရေးတံမဲပွဲတော်သည် ဝါခေါင်လ၏ ထင်ရှားသောပွဲတော်ဖြစ်သည်။ ရှေးဝါခေါင်လ သံပေါက်တစ်ပုဒ်တွင် "နံကာ ခေါ်ကြ၊ ဝါခေါင်လ၊ သီဟရာသီထား၊ စာရေးတံပွဲ၊ ခြိမ့်ခြိမ့်သဲ၊ လှူမြဲကျော်ထင်ရှား၊ သရဝဏ်နက္ခတ်၊ စန်းယှဉ်လတ်၊ ခတ္တာပွင့်ထွားထွား" ဟုစပ်ဆိုထားသည်ကို တွေ့ရပေသည်။

သို့ဖြစ်ရာ စာဆိုရှင်အသီးသီးတို့ ဖွဲ့ဆိုခဲ့ကြသော ဝါခေါင်လ၏အလှအပများနှင့် ပကတိသဘာဝအလှများကို ယှဉ်တွဲခံစားရင်း မေတ္တာအခါတော်နေ့ဖြစ်စဉ်ကိုတွေးတောခံစားမိကာ သတ္တဝါအားလုံး တစ်ဦးအပေါ်တစ်ဦး မေတ္တာထားကြပြီး အေးချမ်းသာယာမှုကို ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တသုတ်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်းနှင့် ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်းတို့ကို အကြောင်းပြု၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပကြခြင်းဖြစ်။

ရွှေမျက်မှန်ဘုရားကြီး မျက်နှာကြက်တပ်ဆင်ရန် အလှူငွေများ ရွှေတောင်မြို့၌ ပေးအပ်လှူဒါန်း



ရွှေတောင် ဩဂုတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း မျက်နှာကြက်တော် တပ်ဆင်ပူဇော်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက်၉နာရီက ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးသန်းဝင်း-ဒေါ်ခင်ခင် (ရွှေလမင်းဆေးတိုက်) ပြည်မြို့က ငွေကျပ်သုံးသိန်း၊ ဦးမောင်မောင်-ဒေါ်လှလှဝင်း အေးရိပ်သာ ဗဟန်း ရန်ကုန်မြို့က ငွေကျပ်နှစ်သိန်း၊ ဦးလှမြင့်-ဒေါ်ကြည်ကြည်နွဲ့(အိုဆာကာရွှေတောင်ခေါက်ဆွဲ) ကျောက်မြောင်း ရန်ကုန်မြို့က ငွေကျပ်နှစ်သိန်း၊ ဦးတင်ရှိန်-ဒေါ်သန်းသန်းဝင်း တောင်ငူမြို့က ငွေကျပ်တစ်သိန်း၊ ဦးသိန်းရွှေ မိသားစု(ပြည်လုပ်သားဂိတ်)က ငွေကျပ်တစ်သိန်း၊ ဦးသက်ဦး-ဒေါ်လဲ့လဲ့မြင့်(ဘူးစိမ်းကြီးလက်ဖက်ခြောက်) ပြည်မြို့က ငွေကျပ်တစ်သိန်း၊ ဦးစံအုံး မိသားစု(ဆီစက်) ပြည်မြို့က ငွေကျပ်တစ်သိန်း၊ ဦးတင်ဦးမိသားစု(ဆန်ပွဲရုံ) ပြည်မြို့က ငွေကျပ်တစ်သိန်း၊ ဦးတင်မောင်လွင်- ဒေါ်အေးယုလှိုင် (GMG သောက်ရေသန့်) ပြည်မြို့က ငွေကျပ်တစ်သိန်း၊ ဦးညီညီ-ဒေါ်ဝေဝေခင်ဦး(ရွှေလင်းယုန်သစ်စက်) ပြည်မြို့က ငွေကျပ်တစ်သိန်း၊ ဦးနေဝင်း-ဒေါ်အေးအေးသန်း(နေဝင်းမျက်မှန်ဆိုင်၊ ကွန်ပျူတာမျက်စိအထူးစမ်းသပ်နှင့်မျက်မှန်အရောင်းခန်းမ) ၉ရပ်ကွက် အင်းစိန်မြို့က ငွေကျပ်သုံးသိန်း**(အပေါ်ပုံ)**တို့ကို ပေးအပ်လှူဒါန်းကြရာ ရွှေမျက်မှန်ဆုတောင်းပြည့် ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝ၅၈)**

မိုးကောင်းမြို့၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

မိုးကောင်း ဩဂုတ် ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့သာယာလှပရေးလုပ်ငန်းများ အသုံးပြုရန် စက္ကူပန်းနှင့် ခရစ္စမတ်ပန်းပျိုးပင်များကို သတ်မှတ်အရေအတွက်ပြည့်မီအောင် ပျိုးထောင်ထားရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဇူလိုင် ၇ရက်က အဖွဲ့ပိုင်ရုံးပျိုးဥယျာဉ်၌ ကိုင်းဖြတ်ပုံဖော် စိုက်ပျိုးကြကြောင်း သိရသည်။ (ဝဝ၁)

ပဲခူးမြို့ ဥဿာမြို့သစ်ရပ်ကွက်ကြီး (၃)ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗထူးလမ်းသွယ်ရှိ မောရွှေလီဓမ္မရိပ်သာ ကျောင်းတိုက်အတွင်းရှိ ဆောက်လုပ်ဆဲဖြစ်သော သိမ်တော်အတွက် ဩဂုတ်၁ရက်က ပဲခူးခရိုင်ရဲတပ်ဖွဲ့ဒုတိယရဲမှူးကြီးပြေငြိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်လွင်၊ သားဗိုလ်ကြီးကျော်သူလှိုင်၊ သမီးငြိမ်းသီတာလွင်နှင့်မြေးတို့က ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယအရှင်နန္ဒသာရ (မောရွှေလီ)ထံ အလှူငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း အိုင်အိုဒင်းဆားရောင်းချမှု ရှိမရှိ ပုံမှန်စစ်ဆေးလျက်ရှိရာ ဇူလိုင်၁၈ရက်က မြို့မဈေးအတွင်းရှိဆိုင်များတွင် အိုင်အိုဒင်းဆားရောင်းချမှုကို ဒုတိယဦးစီးမှူး (အခွန်)ဦးသန့်ဇင်ဦး၊ဈေးခေါင်းဦးမြင့်စိုးနှင့် ဈေးကော်မတီဝင်များက စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်း အထက်တန်းကျောင်း၌ စာဖတ်ဝိုင်းဆွေးနွေး

ပုဏ္ဏားကျွန်း ဩဂုတ် ၁၆

ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပုဏ္ဏားကျွန်းမြို့ အထကဥတ္တမခန်းမ၌ ဩဂုတ် ၁၁ရက် မွန်းလွဲ၂နာရီက ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူက ရည်ရွယ်ချက်များကို ရှင်းလင်းပြီး ကျောင်းအုပ်ဆရာကြီး ဦးမောင်သာဒိုးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဖတ်ကြား

ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်က ချစ်စံဝင်း၏ ရည်မှန်းချက်ပန်းတိုင်စာအုပ်မှ မှန်မှန်လုပ်ဆောင်ခြင်းနှင့်ပန်းတိုင် ခေါင်းစဉ်ကို လည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်စိန်ဝင်းမေက ချစ်နိုင်(စိတ်ပညာ)၏ တန်ဖိုးရှိလှ လူငယ်ဘဝစာအုပ်မှ အန္တရာယ်ကင်းစွာ ဝတ်ဆင်ပါခေါင်းစဉ်ကို လည်းကောင်း၊ ရပ်သံကျွမ်းကျင်-၃ ဦးထွန်းစိန်ချေက စိတ်လှပါစေခေါင်းစဉ်ကို လည်းကောင်း ဖတ်ကြားကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

[illegible]

နိုးဆော်လွှာ

[illegible]

FAME
Herbigesic®

ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	၁၁ မှ ၁၅/မမ/ပတ	ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ	(1) Lot
		Alco Engine အတွက်လိုအပ်သော Special Tools များ	(1) Lot
		စက်ပစ္စည်းကိရိယာများ	(1) Lot
		Engine(MITSUIDEUTZ, Model-F 6 L 912(05002541)	
		Spare Parts နှင့် ဆက်စပ်ပစ္စည်းများ	(1) Lot
		CO_2, Coil, Cutting Disc, Electrode	(1) Lot
		M.S Plate, Bean, Angle, M.S Rod,	(1) Lot
		Propane Nozzle, Bolt & Nut, Split Pin	(1) Lot
		တွဲအရန်ပစ္စည်းများ	(1) Lot
		Oxygen Cylinder Propane gas in Cylinder	(1) Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်/အချိန် - ၁၉-၉-၂၀၀၈ ရက် မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၈-၂၀၀၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၁၉၈၂၊ ၂၉၁၉၉၄(၂၀၁၅၅ လိုင်းခွဲ-၆၀၁၊ ၆၀၂)။

အမည်မှန်

ဦးစောမြခိုင်၏ သမီးများဖြစ်ကြသော ကော့ကရိတ် အထက(၁) အဌမတန်း(က)မှ မနန်းယဉ်ညိုလင်း နိုင်ငံသားစိစစ်ရေးကတ် အမှတ် ၃/ကကရ(နိုင်)၁၅၉၆၁၇အရ နန်းယဉ်ညိုလင်း၊ ဆဌမတန်း(က)မှ မနန်းဆုမြသင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၃/ကကရ(နိုင်)၁၅၉၆၁၆ အရ နန်းဆုမြသင်းဟု ခေါ်ပါရန်။

နန်းယဉ်ညိုလင်း၊
နန်းဆုမြသင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မတလ/၁၁၁၈၉၆ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/ပမန(နိုင်)၈၆၆၅၅၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၊ နေပြည်တော်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၄၁၁၁ Suzuki Wagon R+(MA 7/s) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စပါယ်လှိုင် ၇/ပခတ (နိုင်) ၀၀၀၂၁၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) ရန်ကုန်မြို့။

(၈၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်ရပ်ကွက် လမ်း ၁၁၀ ပဲခူးကျောင်းတိုက်မှ ရပ်ကွက်သံဃနာယကအကျိုးတော်ဆောင် အရှင်တေဇ **(အပေါ်ပုံ)**(လူမှုထူးချွန်ပထမဆင့်-မျက်ကြည်လွှာ)သည် ဩဂုတ် ၆ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဗဟိုအမျိုးသားသွေးလှူဘဏ်တွင် (၈၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် ရက်ကန်းသင်တန်းဆင်း

မင်းတပ် ဩဂုတ် ၁၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မင်းတပ် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၄)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၂)၊ ကနုကမာကျောက်စီ ပန်းချီသင်တန်း အမှတ်စဉ်(၇)နှင့် အခြေခံ ရက်ကန်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၇ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ထူးချွန်ဆုချီးမြှင့်

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မင်းတပ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကလည်းကောင်း၊ သင်တန်းထူးချွန်ဆုများကို မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များက ချီးမြှင့်ကြသည်။

အခမ်းအနားသို့ မင်းတပ်ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်း ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် သားဖြစ်သူမောင်ရဲမင်းဦးအားရည်စူး၍ တိုက်(၇) အခန်း(၁၀၄)ရတနာပုံလမ်း သုမင်္ဂလာအိမ်ရာ(၂) ဆယ်သိန်းရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်နေ ဦးခင်မောင်လတ်-ဒေါ်လှလှမြွေး မိသားစုက အလှူငွေကျပ် ၆၂၅၀၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်သော ဦးလှမင်း၊ ဦးစိန်ဦး၊ ဦးသိန်းဦး၊ ဦးစိုးသိမ်းနှင့် ဦးစောကြိုင်တို့က လက်ခံယူစဉ်။ (ဂေါပကအဖွဲ့)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

မြင်းခြံ ဩဂုတ် ၁၈

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မြင်းခြံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ရက်က မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက်အတွင်း ခြင်နိုင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂)ဦးတင်ဝင်းလှိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ မီးဒုံးလမ်းနေ အဘိုးဦးတင်မောင်၊ အဘွားဒေါ်ခင်ပုတို့အားရည်စူး၍ ဦးသက်ခိုင်-ဒေါ်ခိုင်ခိုင်ဝင်း မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မိတ္ထီလာဆရာတော် ဝါတွင်းသစ္စာဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၁၂၉)၌ သီတင်းသုံးတော်မူသော ကျောင်းသစ်ကျောင်း၏ ပဓာနနာယက မိတ္ထီလာ ဆရာတော် အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရသည် မိတ္ထီလာမြို့နယ် မကျည်းပင်စုကျေးရွာ၌ တော်သလင်းလဆန်း ၉ရက်၊ ၁၀ရက် လပြည့်ကျော် ၂ရက်၊ ၃ရက်နှင့် ၁၂ရက်၊၁၃ရက်ညများတွင် ညစဉ် ၇နာရီမှစ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ မည်သူမဆို တရားနာယူနိုင်ကြောင်းနှင့် ဆရာတော်၏ နိဗ္ဗာန်သွားလမ်းပြ ဝိပဿနာစာအုပ်ကို မျိုးဆက်သစ်စာပေမှ ဖြန့်ချိထားရာ အချိန်မီပူဇော်နိုင်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက်ရက်ကန်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ခြင်းရှိမရှိကို ဩဂုတ်၂ရက်က ကျန်းမာရေးဌာန၊ မီးသတ်ဦးစီးဌာန၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းဝင်းတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်၌ အရန်သားဖွား သင်တန်းဖွင့်

ထန်းတပင် ဩဂုတ် ၁၉

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းတည့် ၁၂နာရီက ထန်းတပင်မြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးက အရန်သားဖွား သင်တန်းဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းသည်။ သင်တန်းသို့ သင်တန်းသူ ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ သံဖြူဇရပ်မြို့နယ် ကျိုက္ကမီလမ်းမကြီး အလယ်ကျွန်း Flower Box များ၌ ပန်းအလှပင်များ ပုံသွင်းဖော်ဆောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လေဘောသင့်ပြည်သူများအတွက် လျှုဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၀

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်လည်းကောင်း၊ နံနက် ၁၁နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ငြိမ်းချမ်းရေးရယူထားသော ကရင်တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူးဦးဇော်မင်းနှင့် အဖွဲ့ဝင်များ

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နှင့်လည်းကောင်း ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံ

ထို့အတူ ညနေ ၃ နာရီမှ ၆ နာရီ ၁၅ မိနစ်အထိ နိုင်ငံရေးပါတီများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အရွေးချယ်ခံ တစ်သီးပုဂ္ဂလအဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ သီးခြားစီတွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Gambari အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးရယူထားသော ကရင်တိုင်းရင်းသားခေါင်းဆောင်များနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

ကျောင်းကန်ဘုရား လမ်းတံတားတို့ဖြင့် ဝင့်ထည်နေသော ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ တစ်ရွာလုံး လျှပ်စစ်မီးလင်းဖြာခဲ့ပြီ

ကျေးရွာမီးလင်းရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ကူညီမှုဖြင့် ကျေးရွာလူထုမှ ငွေကျပ် သိန်း ၄၀၀ အကုန်အကျခံကာ သွယ်တန်းခဲ့သော လျှပ်စစ်ဓာတ်အားလိုင်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့။

ခရမ်းစိုးမြင့်၏ သတင်းဆောင်းပါး စာ - ၆